# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁)ရက် ၊ သောကြာနေ့ ၊ (1-5-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၀၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော်   မေ   ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့အလုပ်သမားများ၏ လုပ်အားတန်ဖိုးကို မြှင့်တင်ပေးသော နေ့၊ အလုပ်သတ်မှတ်ချိန်ကို မှန်ကန်သင့်လျော်စွာ ခံစားရသော နေ့၊ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် မှတ်ကျောက်တင်နိုင်သည့် သမိုင်းဝင်နေ့ထူးနေ့မြတ်အခါသမယဖြစ်ပါသည်။ ထိုကဲ့သို့သော မင်္ဂလာနေ့ရက်မှစ၍ နိုင်ငံတော်အတွင်းရှိ အလုပ်သမားကြီးများ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း

**စာမျက်နှာ ၁၉ ကော်လံ ၁ ⚐**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာမော်ကွန်းကျောက်စာတော်ကို မင်္ဂလာစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။


နေပြည်တော်   ဧပြီ   ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုသည်။

အဆိုပါသာသနာ့သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ကြီး အောင်မြင်ပြီးမြောက်ခဲ့ခြင်း နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်ဩဝါဒါစရိယ

**စာမျက်နှာ ၁၆ ကော်လံ ၁ ❍**

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ရတနာပုံ
၂၀၁၆ ခုနှစ် မေ ၁ ရက်
အယ်ဒီတာ့အာဘော်

# ရတနာပုံသတင်းစာ ၃၄ နှစ်မြောက်မှသည် နှစ်ပေါင်းများစွာဆီသို့

၂၀၁၆ ခုနှစ် မေ ၁ ရက်(ယနေ့)သည် ရတနာပုံသတင်းစာ ၃၄ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ ရတနာပုံသတင်းစာကို ၁၉၈၂ ခုနှစ် မေ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ရတနာပုံသတင်းစာသည် စတင်ထုတ်ဝေခဲ့သည့်နေ့မှစ၍ ယနေ့ထိ သတင်းစာဖတ်ရှုသူများကို မှန်ကန်သော သတင်းထူး၊ သတင်းဦးများနှင့် သုတ၊ ရသ စာပေကဏ္ဍများကို စုံလင်စွာစဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိပေသည်။

ရတနာပုံသတင်းစာသည် မန္တလေးမြို့၏ မြို့ဂုဏ်ဆောင်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ သတင်းစာလောက၌လည်း အတိုင်းအတာတစ်ခုထိ နေရာရရှိထားပြီးဖြစ်သည်။ သို့သော် မျက်မှောက်ကာလတွင် အွန်လိုင်းမီဒီယာများက နေရာယူထားသောကြောင့် ၎င်းတို့၏လွှမ်းမိုးမှုကို ရင်ဆိုင်ထိုးဖောက်နိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိသည်။ မန္တလေးမြို့၏ဂုဏ်ဆောင် ရတနာပုံသတင်းစာသည် တွေ့ကြုံခဲ့ရသည့် အခက်အခဲများကို ကျော်လွှားကာ ရတနာပုံဝိုင်းတော်သားများက ကိုယ်စီတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းအားထုတ်မှုကြောင့် ၃၄ နှစ်မြောက်ခရီးသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ထိုသက်တမ်းကာလအတွင်း ရတနာပုံသတင်းစာသည် စတုတ္ထမဏ္ဍိုင်ပီသစွာ သတင်းမီဒီယာကျင့်ဝတ်တို့ကို စောင့်ထိန်းလျက် ဘက်လိုက်မှုကင်းစွာဖြင့် သတင်းစာဖတ်ပရိသတ်များ ကျေနပ်စေရန်၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးဖြစ်ထွန်းစေရန် သတင်းဦး၊ သတင်းထူးများ၊ လတ်ဆတ်သော သတင်းများကို ဖော်ပြပေးလျက်ရှိပေသည်။

ခေတ်မီတိုးတက်နေသော ယနေ့ခေတ်တွင် ပြည်သူလူထုအနေဖြင့် မိမိနိုင်ငံတွင်လည်းကောင်း၊ ကမ္ဘာကြီးတွင်လည်းကောင်း နေ့စဉ်ဖြစ်ပျက်နေသော သတင်းများကို မြန်မြန်ဆန်ဆန်သိရှိလိုကြသည်။ ထို့ကြောင့် အွန်လိုင်းသတင်းများကို အားထားဖတ်ကြသည်။ သို့သော် အွန်လိုင်းသတင်းများသည် များသောအားဖြင့် ယုံကြည်စိတ်ချရမှုမရှိသော သတင်းတု၊ သတင်းမှား၊ ကောလာဟလသတင်းများကြောင့် အဆိုပါသတင်းတု၊ သတင်းမှားများကို ဖတ်ရှုမိသူများအတွက် အကျိုးယုတ်စေမည်ဖြစ်သည်။ နေ့စဉ်ထုတ်သတင်းစာတွင် ဖော်ပြသော သတင်းများသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး မှန်ကန်တိကျသောသတင်းများကို အချိန်နှင့်တစ်ပြေးညီ ရေးသားဖော်ပြထားသောကြောင့် ဖတ်ရှုသူပြည်သူများအတွက် ဗဟုသုတကြွယ်ဝကာ အကျိုးထူးရရှိစေမည်ဖြစ်သည်။

သတင်းစာသည် ပြည်တွင်း၊ ပြည်ပတွင်ဖြစ်ပေါ်ပြောင်းလဲနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးကို အကုန်အစင်မဟုတ်သော်လည်း သိသင့်သိထိုက်၊ မှတ်သင့်မှတ်ထိုက်သည်များကို ပြည်သူများ သိရှိစေရန် ဖော်ပြပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် သတင်းစာသည် ပြည်သူတို့၏ နားနှင့်မျက်စိသဖွယ်ဖြစ်သည်။ ပြည်သူတို့၏ နား၊ မျက်စိသဖွယ် ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ရတနာပုံသတင်းစာသည် ပြည်သူတို့ထံ သတင်းမှန်များကို မပြတ်ပြန်ကြားပေးနေမည်ဖြစ်သကဲ့သို့ မှန်ကန်မျှတသော ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် ဆက်လက်ကြိုးစားနေမည်ဖြစ်သည်။

ရတနာပုံသတင်းစာသည် ပြည်သူတို့၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်မှာ ရတနာပုံဝိုင်းတော်သားများက ကိုယ်စီတာဝန်များကို ကြိုးပမ်းအားထုတ်မှုများကြောင့်ပင်ဖြစ်သည်။ ရတနာပုံဝိုင်းတော်သားများအနေဖြင့် ၃၄ နှစ်တာ ဂုဏ်သိက္ခာကြီးမားခဲ့သည့် ရတနာပုံသတင်းစာ၏ သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြပြီး သတင်းစာ၏ အရည်အသွေးတိုးတက်သည်ထက် တိုးတက်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်သူများ၏ လိုလားချက်၊ ပြည်သူများ၏ဘဝကို ကိုယ်စားပြုလျက် ပြည်သူများကြားတွင် ၁၉၈၂ ခုနှစ် မေလ ၁ရက်မှစ၍ ထုတ်ဝေဖြန့်ချိခဲ့သော ရတနာပုံသတင်းစာသည် ယနေ့တွင် ၃၄ နှစ်တာခရီးသို့ ရောက်ရှိခဲ့ပြီး နောင်နှစ်ပေါင်းများစွာတိုင် သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်ခိုင်မာမာရပ်တည်နေမည်ဖြစ်ပါကြောင်း သန္နိဋ္ဌာန်ပြုရေးသားလိုက်ရပေသည်။

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၆၅၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကုလားပဲ ၂၈၅၃ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ကုလားပဲစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့်ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ



**မော်လမြိုင်ကျွန်း ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ပိန်းဥများ ယခုနှစ် ဧပြီလ တတိယပတ်မှ စတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ပိန်းဥများ တစ်ရက်လျှင် ပိဿာချိန် ၂၅၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ ပိန်းဥတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ပိန်းဥတွေ စားသုံးသူ များလာတာကြောင့် အရောင်းအဝယ် ကောင်းနေတာပါ။ လက်ရှိရောင်းချနေတဲ့ ပိန်းဥတွေက အရည်အသွေး ကောင်းမွန်တယ်။ ဒေသထွက် ပိန်းဥတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူမှုများနေလို့တင်ပို့မှုကောင်းနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူကပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် အရောင်းအဝယ်ကောင်းနေသည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပိန်းဥများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# လှိုင်းဘွဲ့မြို့နယ် မဲသိမ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှိုင်းဘွဲ့ ဧပြီ ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွမ်ဘီကျေးရွာအုပ်စု မဲသိမ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးငွေလင်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မဲသိမ်ကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟသ်ာတမြို့နယ် သဇင်အင်းကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဟသ်ာတ မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်အုပ်ကျေးရွာအုပ်စု သဇင်အင်းကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရရှိစေရန်ရည်ရွယ်၍ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစွာ ဆောင်ရွက်ရန်မှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သဇင်အင်းကုန်းကျေးရွာ၌ Engine Compressor တပ်ဆင်ခြင်း၊ အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့်ငါးပေရှိ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၉၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက တာဝန်ယူ၍ ယခုနှစ် မေ ၁ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဇင်မာ**

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ကသာ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၃၈၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပိဿာချိန် ၅၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကသာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၂၃၈၄ ကေထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီစိုက်ခင်းတွေ လက်ရှိအချိန်မှာ ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီအထွက်နှုန်း ကောင်းမွန်စေရန် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက ကြက်သွန်နီစိုက် တောင်သူများ အရောင်းအဝယ် ကောင်းစေရန် ဈေးကွက် ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီ ဖြစ်စေရန်အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် နန်းမဘုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ မေ ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နန်းမဘုံကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်က မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် ဆောင်ရွက်ကြစေ လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နန်းမဘုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၅၅၀ ထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုသက်**

# ကဝမြို့နယ် ရှမ်းကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကဝ မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ ရှမ်းကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာ ဖြင့်ဆောင်ရွက်ကြရန် ဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါ ရှမ်းကန်ကျေးရွာ၌ အရှည်ပေ ၁၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၁၆ ဒသမ ၀၃ သန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများက ယခုနှစ် မေ ၂၀ ရက်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **ချိုလေး**

# ဇလွန်မြို့နယ်တွင် ဒေသထွက် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ဒေသထွက် ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် ခရမ်းသီးများ ယခုနှစ် မတ်လတတိယပတ်မှစတင်ပြီး ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ဇလွန်မြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေကို ကျောင်းကုန်းဈေးကွက်က ဝယ်ယူအားကောင်းနေပါတယ်။ ကျောင်းကုန်းဈေးကွက်အပြင် အခြားဒေသကုန်စိမ်းဈေးကွက်ကလဲ ဝယ်ယူမှုများနေပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော၊ အရှည်သီးကော အမျိုးအစားနှစ်မျိုးစလုံး အရောင်းအဝယ် ကောင်းမွန်နေတာပါ။ ခရမ်းသီးတွေ အရောင်းအဝယ် ကောင်းမွန်နေတော့ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြပါတယ်''ဟု ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဇလွန်မြို့နယ်မှ အရောင်းအဝယ် ကောင်းမွန်နေသည့် ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက်ခရမ်းသီးများအပါအဝင် အခြားကုန်စိမ်းများကို ကျောင်းကုန်းဈေးကွက်အပြင် ပုသိမ်၊ ရေကြည် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အသွင်သဏ္ဌာန်ရော အနှစ်သာရပါပြည့်စုံသည့် ရတနာပုံသတင်းစာ

ကိုယ်ဉီချစ်(မန္တလေး)




၂၀၂၆ ခုနှစ် မေ ၁ ရက်သည် မန္တလေးမြို့တွင် ထုတ်ဝေသည့် ရတနာပုံသတင်းစာ၏ ၃၄ နှစ်ပြည့် နှစ်ပတ်လည်နေ့ဖြစ်သည်။ ရတနာပုံသတင်းစာသည် ထိုကဲ့သို့သော သက်တမ်းကာလများအတွင်း အခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။ သို့သော်လည်း သတင်းစာဖတ်ပရိသတ်များ လက်ခံ ဖတ်ရှုနိုင်သောသတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပါရှိနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

မြောက်အရပ် (North)၊ အရှေ့အရပ် (East)၊ အနောက်အရပ် (West)၊ တောင်အရပ် (South) ဆိုသည့်အင်္ဂလိပ်စာလုံးများ၏ ရှေ့စာလုံးများဖြစ်သည့် NEWS ကိုသတင်းဟု ဆိုခဲ့ကြသည်။ တစ်နည်းအားဖြင့် အရပ်လေးမျက်နှာတွင် ဖြစ်ပေါ်နေသည့် ဖြစ်စဉ်ဖြစ်ရပ်များကို နေ့စဉ်ဖော်ပြပေးသည့် စာနယ်ဇင်းတစ်မျိုးဖြစ်သည်။ စာနယ်ဇင်းဆိုသည်မှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ကို ခြုံခေါ်ထားသောအမည်ဖြစ်သည်။ ဂျာနယ်သည် တစ်ပတ်လျှင် တစ်ကြိမ်၊ မဂ္ဂဇင်းသည် တစ်လတစ်ကြိမ်၊ သတင်းစာသည် နေ့စဉ်ထုတ်ဝေသည်ဟု ယေဘုယျသတ်မှတ်ထားသည်။ မြန်မာအဘိဓာန်တွင် သတင်းစာသည် ပြည်တွင်းပြည်ပသတင်းများကို အများအားဖြင့် နေ့စဉ်ပုံနှိပ်ထုတ်ဝေသောစာစောင်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည် ။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ဝဲ၊ ယာ၊ အထက်၊ အောက် ဆက်သွယ်ရေးအတွက် ဗဟိုချက်မ ကျသည့်ဒေသဖြစ်သည်။ မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးသည် သတင်းစာ၏တန်ဖိုးကို သိရှိ၍ နယ်ချဲ့တို့သိမ်းပိုက်ထားသည့် ရန်ကုန်၊ စစ်တွေ၊ မော်လမြိုင်မြို့များတွင် ထုတ်ဝေနေသည့် သတင်းစာများကို မှာယူဖတ်ရှုခဲ့သည်ဟု မှတ်သားရသည်။ သတင်းစာသည်ပြည်သူများကိုအကောင်းဆုံးစည်းရုံးလှုံ့ဆော်နိုင်သည့် ယန္တရားဖြစ်သည်ကို သဘောပေါက်၍ ရတနာပုံနေပြည်တော် သတင်းစာကို ၁၈၇၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။ ထိုသတင်းစာသည် သူ့ကျွန်ဘဝကျရောက်ခဲ့သည့် ၁၈၈၅ ခုနှစ်တွင် ရပ်ဆိုင်းသွားခဲ့သည်။

ဆက်လက်၍ မန္တလေးအဆွေ (၁၈၉၉)၊ ဗုဒ္ဓသာသနာပြုအသင်းသတင်းစာ (၁၉၀၆)၊ အသူရိန် (၁၉၁၇)၊ သီဟရာဇာ (၁၉၂၀)၊ မန္တလေးနေ့စဉ် (၁၉၂၁-၁၉၂၂)၊ အယ်ဒီတာညွှန့်ပေါင်း (၁၉၂၂)၊ ရှေ့ဆောင် (၁၉၂၃)၊ ကုမ္မာရီ (၁၉၂၃)၊ မြန်မာ့မဏ္ဍိုင် (၁၉၂၃)၊ ဗုဒ္ဓဘာသာတရားသတင်းစာ (၁၉၂၇)၊ မြန်မာ့စက္ကူ (၁၉၂၇)၊ မန္တလေးသူရိယ (၁၉၂၇)၊ မြန်မာ့ဦးစွန်း (၁၉၃၅)၊ မြန်မာ့မျိုးချစ် (၁၉၃၃)၊ မြန်မာ့စီးပွားရေး (၁၉၃၈)၊ သံဃောဝါဒ (၁၉၃၈)၊ မြန်မာ့တာရာ (၁၉၄၀-၁၉၄၁)၊ တိုင်းချစ်၊ တိုင်းချစ်မြန်မာ (၁၉၄၂)၊ ဒို့ဒေါင်းလံ (၁၉၄၂)၊ မန္တလေးမြန်မာ့အလင်း (၁၉၄၃)၊ ရွှေမန်းအောင်စည် (၁၉၄၄-၁၉၅၂)၊ ပဟိုစည် (၁၉၄၇)၊ လူထု (၁၉၄၆)၊ ခေါင်းဆောင် (၁၉၄၆)၊ မန္တလေးတိုင်းမ် (၁၉၄၇)၊ ပြည်သူ့ကြေးမုံ (၁၉၄၇)၊ သတင်းလွှာ (၁၉၄၈)၊ ဘဝသစ် (၁၉၄၉)၊ ဘားမားစတား (၁၉၄၉)၊ မြန်မာ့လမ်းစဉ် (၁၉၄၉)၊ တနင်္ဂနွေသတင်းစာ (၁၉၄၉)၊ မန္တလေးရှေ့ဆောင် (၁၉၅၁)၊ ရွှေမန်းညနေ (၁၉၅၅)၊ ရွှေမန်းရုပ်စုံ (၁၉၅၅)၊ မန်းခေတ် (၁၉၅၆)၊ မန္တလေး ဟစ်တိုင် (၁၉၅၆) ၊ မန္တလေးဗမာ့ရှေ့ဆောင် (၁၉၅၉)၊ ရွှေမန်းဗမာ့ခေတ် (၁၉၅၉)၊ ဟံသာဝတီ (၁၉၆၉) စသဖြင့် သတင်းစာများ ထုတ်ဝေခဲ့ကြကြောင်း သိရှိရသည်။ (ကျန်ရှိနိုင်ပါသေးသည်။)

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းသည် မန္တလေးမြို့တွင်လိုအပ်နေသည့် သတင်းစာတစ်စောင် ထုတ်ဝေရန်အတွက် အစဉ်အလာရှိပြီး သက်တမ်းရှည်သည့် ဟံသာဝတီသတင်းစာကို ထုတ်ဝေရန်ညွှန်ကြားခဲ့၍ ၁၉၆၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။ ထိုဟံသာဝတီသတင်းစာသည် ၁၉၇၈ ခုနှစ် ဇွန် ၃၀ ရက်တွင် ရပ်ဆိုင်းသွားခဲ့၍ မန္တလေးမြို့တွင် ထုတ်ဝေသည့် သတင်းစာ ကွင်းဆက်ပြတ်သွားခဲ့ရသည်။

ထိုကဲ့သို့ သတင်းစာအဆက်ပြတ်သွားချိန် ထိုစဉ်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်၏စီစဉ်မှုဖြင့် ၈၄ လမ်း၊ ၂၉ လမ်းနှင့်လမ်း ၃၀ ကြားရှိ ယခင် ဟံသာဝတီသတင်းစာ တိုက်ဟောင်းနေရာတွင်ရတနာပုံသတင်းစာထုတ်ဝေရန် စီစဉ်ပေးခဲ့သည်။ ရတနာပုံသတင်းစာကို ၁၉၉၂ ခုနှစ် ဧပြီလတွင် အစမ်းထုတ်ဝေခဲ့ပြီး မေ ၁ ရက်မှ စတင်ထုတ်ဝေခဲ့ရာ ယခု ၂၀၂၆ ခုနှစ် မေ ၁ ရက်သည် ရတနာပုံသတင်းစာ၏ သက်တမ်း ၃၄ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုစဉ်က ရတနာပုံသတင်းစာ၏ ပထမဆုံး အယ်ဒီတာချုပ်မှာ သတင်းစာဆရာကြီး ဦးခင်မောင်ကြီးဖြစ်သည်။ အယ်ဒီတာများမှာ ဦးအေးဖေ၊ ဦးအုန်းခိုင် (စစ်ကိုင်းမင်းအောင်)၊ ဦးထွန်းရှိန် ( နတ်မောက်ထွန်းရှိန်)၊ ဦးသန်း(မောင်သန်း- မဟာဝိဇ္ဇာ) တို့ဖြစ်သည်။ အတွေ့အကြုံရှိသည့် သတင်းစာဆရာကြီးများ၊ တက်ကြွသည့်သတင်းထောက်များ၊ သက်တမ်းရင့် ပုံနှိပ်ကျွမ်းကျင်သူများပူးပေါင်းကာ အခက်အခဲများကြားမှ သတင်းစာတိုးတက်အောင်မြင်ရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းခဲ့ကြသည်။

ရတနာပုံသတင်းစာ စတင်ထုတ်ဝေစဉ်က ပုဂ္ဂလိကထုတ် ဘားပြာစက္ကူတွင် ခဲစာလုံးစာစီ၍ စာမျက်နှာ ရှစ်မျက်နှာဖြင့် သတင်းစာစောင်ရေ ၁၂၅၀၀ ကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ယခုခေတ်ကဲ့သို့ နည်းပညာမဖွံ့ဖြိုးသေး၍ နိုင်ငံတော်အဆင့်သတင်းများကို နောက်တစ်နေ့တွင် ဖော်ပြနိုင်ရန် ညတာဝန်ကျ အယ်ဒီတာများက မြန်မာ့ရုပ်မြင်သံကြားမှထုတ်လွှင့်မည့် ၈ နာရီသတင်း မထုတ်လွှင့်မီ ကြိုတင်ပြင်ဆင်ထားကြသည်။ သတင်းလာချိန်တွင် အသံဖမ်းသူကဖမ်း၊ သတင်းဓာတ်ပုံရရှိရေးအတွက် ရုပ်မြင်သံကြားပြစက်ရှေ့၌ သုံးချောင်းထောက်တွင် ကင်မရာတပ်ဆင်ကာ ဓာတ်ပုံရိုက်သူက ရိုက်ခဲ့ကြရသည်။ သတင်းပြီးချိန်တွင် သတင်းအယ်ဒီတာက အသံဖမ်းထားသည့်သတင်းကို ရေးသူကရေး၊ ရိုက်ကူးထားသည့် ဓာတ်ပုံကူးဆေးသူကကူးဆေး ပြုလုပ်ကာ မျက်နှာဖုံးစာမျက်နှာတွင် နိုင်ငံတော်သတင်းများကို အချိန်နှင့်တစ်ပြေးညီဖော်ပြနိုင်ရန် ကြိုးပမ်းခဲ့ကြရသည်။

သတင်းစာငတ်နေသည့် မန္တလေးပရိသတ်သည် ရတနာပုံသတင်းစာကို အားပေးဖတ်ရှုကြသည်။ မန္တလေးမြို့ပေါ်သတင်းများကို ဦးစားပေးဖော်ပြပေးခဲ့သကဲ့သို့ နယ်သတင်းများကိုလည်း ဝေဝေဆာဆာ ဖော်ပြနိုင်ခဲ့သည့်အပြင် စနေနေ့တွင် အချပ်ပိုထည့်သွင်းဖော်ပြပေးနိုင်ခဲ့သဖြင့် မန္တလေးမြို့ပေါ်သာမကအခြားမြို့များနှင့် ကျေးလက်ဒေသများကပါ အားပေးဖတ်ရှုခဲ့ကြသည်။ ထို့ကြောင့် ၁၉၉၃ ခုနှစ်တွင် စာမျက်နှာ ရှစ်မျက်နှာမှ ၁၂ မျက်နှာသို့ တိုးချဲ့ထုတ်ဝေပေးခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ရတနာပုံသတင်းစာကိုကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အနီးကပ် ကြီးကြပ်မှုဖြင့် ထုတ်လုပ်ဖြန့်ချိခဲ့သည်။ ထိုကာလတွင် မင်ကျမင်နကောင်းမွန်ရေး၊ အချိန်နှင့်တစ်ပြေးညီ ဖြန့်ချိနိုင်ရန် ခဲစာလုံးစာစီစနစ်မှ ကွန်ပျူတာစာစီစနစ်ကို ပြောင်းလဲထုတ်ဝေနိုင်ခဲ့သည်။ ယခင် ထုတ်ဝေခဲ့သည့် ပြည်တွင်းဖြစ် ပုဂ္ဂလိကထုတ် ဘားပြာစက္ကူအစား နိုင်ငံခြားစက္ကူဖြင့်ပြောင်းလဲထုတ်ဝေနိုင်ခဲ့မှုကြောင့် သတင်းစာ၏အရည်အသွေး ပိုမိုကောင်းမွန်လာကာ ဖြန့်ချိစောင်ရေလည်း တိုးတက်လာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ပြည်သူများကို သတင်းမှန်များ အချိန်မီသိရှိနိုင်ရေး၊ အသိပညာပေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် စာမျက်နှာ ၁၆ မျက်နှာထိ တိုးချဲ့ထုတ်ဝေနိုင်ခဲ့သည်။

စာရေးသူသည် ၁၉၉၂ ခုနှစ် ဧပြီလတွင် ရတနာပုံသတင်းစာအစမ်းထုတ်ဝေသည့်ကာလမှ ၂၀၀၇ ခုနှစ်ထိ သတင်းထောက်၊ ဆောင်းပါးရှင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်။ ယခုကလောင်အမည်သည် ရတနာပုံသတင်းစာမှမွေးထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ် ရတနာပုံသတင်းစာ၏ သုံးနှစ်မြောက်နှစ်ပတ်လည်နေ့တွင် အကောင်းဆုံး မန္တလေးမြို့ပေါ်သတင်းထောက်ဆု ချီးမြှင့်ခံခဲ့ရသည်။ ချီးမြှင့်ပေးခဲ့သည့် ဂုဏ်ပြုမှတ်တမ်းလွှာသည် မိမိဘဝတွင် မှတ်တမ်းတစ်ခုဖြစ်ခဲ့ရသည်။ ကော်လံစားသတင်းထောက်ဖြစ်သော်လည်း ရတနာပုံသတင်းစာ၏ လိုအပ်သည့် အကူအညီများကို ရတနာပုံ၏ဝိုင်းတော်သားတစ်ဦးသဖွယ် တတ်စွမ်းသရွေ့ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့ရသည်များကို ယနေ့တိုင် ဂုဏ်ယူမိသည်။

**❖ ရတနာပုံသတင်းစာသည် သတင်းမီဒီယာများလိုက်နာရမည့် တာဝန်များ၊ ကျင့်ဝတ်များနှင့်အညီ မှန်ကန်တိကျသည့် သတင်းဦးသတင်းထူးများ၊ အခြားဗဟုသုတဖြစ်ဖွယ် သုတရသစုံလင်သည့် စာပေများဖြင့် ပြည်သူကိုအကျိုးပြုပေးနေသည့် သတင်းစာတစ်စောင်ဖြစ်သည်။ မီဒီယာခေတ်တွင် အီလက်ထရွန်နစ်နည်းပညာများ မည်မျှတိုးတက်စေကာမူ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သော နေ့စဉ်ထုတ်သတင်းစာများသည် ပြည်သူများအတွက် အရေးပါလိုအပ်နေဆဲဖြစ်သည်။ ❖**

၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် မိခင်ဌာန၏ တာဝန်အရ အခြားဒေသသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် အဆက်ပြတ်သွားခဲ့ကာ ဌာနမှအငြိမ်းစားယူပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ဆောင်းပါးများ ပြန်လည် ရေးသားဖြစ်ခဲ့သော်လည်း သတင်းများ မရေးသားဖြစ်တော့ပါ။ အဆက်ပြတ်သွားသည့်ကာလတွင် ရတနာပုံသတင်းစာ၏ ပြောင်းလဲတိုးတက်မှုများကို မြင်တွေ့ဖတ်ရှုရသဖြင့် ဝမ်းသာပီတိများစွာဖြစ်ခဲ့ရသည်။

ရတနာပုံသတင်းစာကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စာမျက်နှာ ၁၆ မျက်နှာမှ စာမျက်နှာ ၂၀ ထိလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် စာမျက်နှာ ၂၄ မျက်နှာထိလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် စာမျက်နှာ ၃၂ မျက်နှာထိလည်းကောင်း တိုးချဲ့ထုတ်ဝေနိုင်ခဲ့သည်။ ထို့ပြင် ၂၀၁၈ ခုနှစ် မတ် ၂၇ ရက်မှစတင်၍ စာမျက်နှာအားလုံးကို ရောင်စုံဖြင့် ပုံနှိပ်ထုတ်လုပ်နိုင်ခဲ့သည့်အပြင် သတင်းစာ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ တိုးတက်ပြောင်းလဲလာခဲ့သည်။

စာမျက်နှာ ၅ သို့ á

# ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



**ကသာ ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၂၅၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၇၀ ဒသမ ၃၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၁၁၂၅၅ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ လက်ရှိအချိန်မှာ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော၊ ဆီထွက်သီးနှံအနေနဲ့ကော အောင်မြင်တဲ့အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်း တို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးစိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ဆက်လက် ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

၂၀၀၈ ခုနှစ်မှစတင်၍သတင်းစာ၏အရည်အသွေး မြင့်မားစေရေးနှင့် လုပ်ငန်းများပိုမိုမြန်ဆန်စေရေးအတွက် ယခင်ရှက်ထိုးပုံနှိပ်စက်များနေရာတွင် 5 Unit ပတ်လည်စက်ကြီးများအစားထိုး၍ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ပုံနှိပ်အရည်အသွေး ပိုမိုကောင်းမွန် စေရန် ၂၀၁၅ ခုနှစ် မေ ၂၃ ရက်မှစတင်၍ ယခင် Computer to film (CTF) စနစ်မှ Computer to Plate (CTP) စနစ်သို့ တိုးမြှင့်ပြောင်းလဲဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ် မတ် ၂၇ ရက်မှစတင်၍ သတင်းစာအရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် လုပ်ငန်းများအချိန်မီထုတ်လုပ်နိုင်ရန် 4–Hi Tower Print X–Cel ပတ်လည်စက်ကြီးဖြင့် အဆင့်မီစွာ ထုတ်လုပ်လျက်ရှိသည်။ ရတနာပုံသတင်းစာသည် သတင်းတစ်ခုတည်းကိုသာ ဦးစားပေးခြင်းမဟုတ်ဘဲ သတင်းစာတစ်စောင်လုံးတွင် သတင်းဦး၊ သတင်းထူးများ၊ သုတရသ ဆောင်းပါးများ၊ ဘာသာပြန်၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရှေးခေတ်စာပေသမိုင်းများ၊ ခရီးသွား ဆောင်းပါးများ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကဗျာ၊ ဝတ္ထုတို၊ ကလေးစာပေ၊ အားကစား၊ ကာတွန်း စသည့်ကဏ္ဍများ စုံလင်အောင်ဖော်ပြပေးလျက်ရှိသည်။ ရတနာပုံသတင်းစာ၏ ထူးခြားမှုတစ်ရပ်မှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ စာမျက်နှာ ၁၂ နှင့် ၁၃ တို့တွင် အင်္ဂလိပ်ဘာသာဖြင့်သတင်းများဖော်ပြပေးနေခြင်းကြောင့် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုလေ့လာသူများ၏ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သတင်းစာဖတ်ပရိသတ်များသည် ရတနာပုံသတင်းစာဖတ်ရုံဖြင့် သုတရသများစွာရရှိခံစားရသဖြင့် နှစ်ခြိုက်စွာ အားပေးဖတ်ရှုကြသည်။ ပြည်သူများအတွက် အသိပညာ ဗဟုသုတများဖြန့်ဝေပေးနေသည့် ပြည်သူ့အကျိုးပြုသတင်းစာတစ်စောင်အဖြစ် စာဖတ်ပရိသတ်များက ယုံကြည်စွာလက်ခံအားပေးကြသည်။

မျက်မှောက်ကာလတွင် သတင်းမီဒီယာတချို့သည် သတင်းတု၊ သတင်းမှားများ၊ ကောလာဟလသတင်းများ၊ လုပ်ကြံသတင်း၊ ဝါဒဖြန့်ချိသတင်း၊ သွေးခွဲသပ်လျှိုသည့်သတင်းများဖြင့် ပြည်သူများကို အသိမှားအမြင်မှားအောင် လက်နက်တစ်ခုသဖွယ် အသုံးချလာကြသည်။ သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့်ကျင့်ဝတ်များကို ချိုးဖောက်၍ ပြည်သူအပေါ် အဆိပ်သင့်စေနိုင်သည့် သတင်းများဖြင့် မှိုင်းတိုက်နေကြသည်။

ရတနာပုံသတင်းစာသည် သတင်းမီဒီယာများ လိုက်နာရမည့် တာဝန်များ၊ ကျင့်ဝတ်များနှင့်အညီ မှန်ကန်တိကျသည့် သတင်းဦးသတင်း ထူးများ၊ အခြား ဗဟုသုတဖြစ်ဖွယ် သုတရသစုံလင်သည့်စာပေများဖြင့် ပြည်သူကို အကျိုးပြုပေးနေသည့် သတင်းစာ တစ်စောင်ဖြစ်သည်။ မီဒီယာခေတ်တွင် အီလက်ထရွန်နစ်နည်းပညာများ မည်မျှတိုးတက်စေကာမူ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သောနေ့စဉ်ထုတ်သတင်းစာများသည် ပြည်သူများအတွက် အရေးပါလိုအပ်နေဆဲဖြစ်သည်။ အသက်ရှင်ရပ်တည် နေထိုင်နိုင်ရန် နေ့စဉ် အစာအာဟာရများစားသုံးနေကြသကဲ့သို့ အသိဉာဏ်ဗဟုသုတများ ပြည့်စုံနေစေရန် လူတိုင်းသည် နေ့စဉ်ဖြစ်ပျက်နေသော သတင်းမှန်များကို ဖတ်ရှုလေ့လာနေရန်လိုအပ်သည်။ ထိုလိုအပ်ချက်ကို ရတနာပုံသတင်းစာက တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိသည်။

သတင်းစာတစ်စောင်ကို စာဖတ်ပရိသတ်၏လက်ဝယ်သို့ ရောက်ရှိဖတ်ရှုနိုင်ရန်မှာ သတင်းစာတိုက်မှ စာတည်းမှူးချုပ်မှအစပြု၍ စာတည်း၊ စာပြင်၊ ကွန်ပျူတာ၊ ပုံနှိပ်၊ ဖြန့်ချိ စသည့်ဝိုင်းတော်သားအားလုံးသည် စည်းလုံးညီညွတ်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရသည်။ တစ်ဦးချင်းစီမှ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် တာဝန်ထမ်းဆောင်နေကြသည်။ စေတနာအပြည့်ဖြင့် စာဖတ်ပရိသတ်များကို မျက်နှာမူကြိုးပမ်းမှုများသည် ယနေ့တိုင် လူထုချစ်ခင်လေးစားမှုဖြင့် ရပ်တည်နေသော ရတနာပုံသတင်းစာကြေးမုံပြင်၌ ထင်ရှားစွာပေါ်လွင်နေသည်။

အချုပ်အားဖြင့် ရတနာပုံသတင်းစာသည် ၃၄ နှစ်တာ ဖြတ်သန်းခဲ့သည့်ကာလတွင် ခဲစာလုံးဖြင့်စာစီ၊ လက်ထိုးပုံနှိပ်စက်ဖြင့် စာမျက်နှာရှစ်မျက်နှာထုတ်ဝေခဲ့ရသည့်အဆင့်မှ ကွန်ပျူတာစာစီ၊ ခေတ်မီပတ်လည်ပုံနှိပ်စက်ကြီးများဖြင့် စာမျက်နှာ ၃၂ မျက်နှာကို ရောင်စုံဖြင့်ပြောင်းလဲတိုးတက်ထုတ်လုပ်လာနိုင်ခြင်း၊ သုတရသကဏ္ဍအစုံအလင် ဖော်ပြပေးနိုင်ခြင်း၊ ပြည်သူတို့အား အသိပညာဗဟုသုတများ ဖြန့်ဝေပေးနိုင်ခြင်း စသည်တို့ကြောင့် အရည်အသွေးပြည့်ဝသည့် ပြည်သူ့အကျိုးပြုသတင်းစာတစ်စောင်ဟု ဆိုချင်ပါသည်။ သို့ပါ၍ ၃၄ နှစ်တာကာလအတွင်းတိုးတက်အောင်မြင်မှုများဖြင့် အသွင်သဏ္ဌာန်ရော အနှစ်သာရပါပြည့်စုံသည့် ရတနာပုံသတင်းစာ၏ ၃၄ နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလိုက်ရပါကြောင်းနှင့် လာမည့်နှစ်ပေါင်းများစွာတွင်လည်း ခိုင်မာစွာရပ်တည်လျှောက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာအဘိဓာန်၊ မြန်မာစာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**
- **မန္တလေးနှင့် စာပေခရီးအမှတ် (၂)၊ ၂၀၀၂ ခုနှစ် ဇွန်လ**
- **ရတနာပုံသတင်းစာ နှစ်ပတ်လည်နေ့ထုတ် သတင်းစာများ**

## ဝင်ခွင့်ပြုပါ

- ဝင်ခွင့်ပြုပါ ဆိုဖူးပါသည်
စာသင်ခန်းမ အဝင်ဝ၊
ကျောင်းတက်နောက်ကျ ငယ်စဉ်က။

- ဝင်လာပါဘိ အိုတပည့်ဟု
ငါ၏ဆရာ ခွင့်လွှတ်ရှာသည်
ကြည်သာဆုံးမ ဩဝါဒ
ကျောင်းနေစဉ်က ငယ်ဘဝ။

- ဝင်လာဘိလတ် နေရာကျပ်လည်း
မတ်ရပ်စရာ မလိုပါတည့်
နေရာထိုင်ခင်း သူငယ်ချင်းတို့
ရိုင်းပင်းကူညီ ဖေးမသည်နှင့်
မမီသည့်စာ မှတ်စုလွှာကို
ပျူငှာမနှေး ကူးခွင့်ပေး၊
ပျော်ရွှင်မှုဖြင့် ရင်မှာအေး။

- အချိန်ကာလ ပြောင်းလဲကြ၍
ဘဝလမ်းတွင် ပန်းအဝင်၌
ငါလျှင်နောက်ကျ ရှိပေကသော်
ငယ်ကလိုပင် ပြစ်ကင်းစင်သည့်
ဝင်ခွင့်ပြုပါ ဆိုချင်ပါဘိ
ဆိုပါလေငြား ငါ့အပါး၌
ထောက်ထားစာနာ အကြင်နာနှင့်
မေတ္တာရှေးရှု ပျော်ရွှင်မှုတို့
ယခုကာလ ငယ်ဘဝနှယ်
ရမှရနိုင်ပဲ့မလား။
ကျွန်ုပ်တွေးမိ ဝိုးတဝါး။
ဆင်ခြင်ကြည့်ပါ မိတ်ဆွေများ။ ။

**မြင်းမူမောင်နိုင်မိုး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ကမ္ဘာ့ရေနံဈေးကွက်၌ စံမှတ်ရေနံဈေးနှုန်းများ တစ်စည်လျှင် ၁၂၂ ဒသမ ၈၈ ဒေါ်လာထိမြင့်တက်

**နယူးယောက် မေ ၃၀**

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မရေမရာဖြစ်နေချိန်တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ယနေ့တွင် ဘရန့်စံမှတ်ရေနံဈေးနှုန်းများ မြင့်တက်လာကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ဘရန့်စံမှတ်ရေနံဈေးနှုန်းမှာ ၄ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၈၈ ဒေါ်လာထိ မြင့်တက်လာခဲ့သည်။

အီရန်စစ်ရေးပဋိပက္ခမစတင်မီကာလက ဘရန့်စံမှတ်ရေနံဈေးနှုန်းများမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀ သာရှိခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရပ်တန့်နေမှုကြောင့် မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အခြေအနေများ မရေမရာဖြစ်နေချိန်တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

စစ်ရေးပဋိပက္ခ ကာလတစ်လျှောက်လုံးတွင် အီရန်နိုင်ငံသည် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများအတွက် အရေးပါသောဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ခဲ့ရာ နိုင်ငံတကာ စွမ်းအင်ဈေးကွက်၌ စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO



# ဂါဇာကမ်းမြောင်ကူညီရေး ရေယာဉ်အုပ်စုကို နိုင်ငံတကာရေပြင်၌ အစ္စရေးကြားဖြတ်ဖမ်းဆီး

**ဘာစီလိုနာ မေ ၃၀**

ဂါဇာကမ်းမြောင် ဒေသသို့ ဦးတည်နေသော ဒုက္ခသည်ကူညီရေးအဖွဲ့ ရေယာဉ်ငယ်များကို အစ္စရေးနိုင်ငံက ဂရိနိုင်ငံအနီး နိုင်ငံတကာရေပြင်အတွင်း ကြားဖြတ်ဖမ်းဆီးထားကြောင်း ရေယာဉ်အုပ်စုခရီးစဉ် တာဝန်ရှိသူများက ယနေ့တွင်ပြောကြားထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ရေယာဉ်အုပ်စုသည် ဂါဇာကမ်းမြောင်ဒေသအား အစ္စရေးနိုင်ငံက ပိတ်ဆို့ထားမှုကို ကျော်ဖြတ်၍ ဂါဇာသို့သွားရောက်ရန် ကြိုးပမ်းနေသည့် ဒုတိယမြောက်ရေယာဉ်အုပ်စုဖြစ်သည်။

ဂါဇာကမ်းမြောင် ဒေသရှိ ပါလက်စတိုင်း ဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသယ်ဆောင်ထားသော အဆိုပါ ရေယာဉ်အုပ်စုသည် မေ ၁၂ ရက်တွင် စပိန်နိုင်ငံ ဘာစီလိုနာ ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့သည်။

သို့ရာတွင် ယင်းရေယာဉ်အုပ်စုကို အစ္စရေးနိုင်ငံက ဂရိနိုင်ငံအနီး နိုင်ငံတကာ ရေပြင်အတွင်း ကြားဖြတ် ဖမ်းဆီးထားခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံ၏ လုပ်ရပ်ကို ပင်လယ်ဓားပြဆန်သည့် လုပ်ရပ်အဖြစ် ရေယာဉ်ခရီးစဉ် စီစဉ်သူများက ဝေဖန်ထားသည်။

အစ္စရေးတပ်မတော်သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလကလည်း ဂါဇာကမ်းမြောင်သို့လာရောက်ရန်ကြိုးပမ်းသည့် ရေယာဉ်အုပ်စုတစ်စုကို ကြားဖမ်းဖမ်းဆီးခဲ့ဖူးကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ ဖုန်းခေါ်ဆိုဆွေးနွေး



**မော်စကို မေ ၃၀**

ရုရှားသမ္မတ ပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် မေ ၂၉ ရက်တွင် ယူကရိန်းပြဿနာ၊ အီရန်ပြဿနာများနှင့်ပတ်သက်၍ ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတပူတင်နှင့် သမ္မတဒေါ်နယ်ထရမ့်တို့၏ မေ ၂၉ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲမှာ မိနစ် ၉၀ ကျော်ကြာမြင့်ခဲ့ပြီး ပွင့်လင်း၍ အလုပ်သဘောဆောင်သည့် ဆွေးနွေးပွဲဖြစ်ခဲ့ကြောင်း ရုရှားအစိုးရတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ရုရှားသမ္မတ ပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့က အီရန်အခြေအနေနှင့် ပါရှန်ပင်လယ်ကွေ့ အခြေအနေများကို အထူးအလေးပေး ဆွေးနွေးခဲ့ကြကြောင်း ရုရှားအစိုးရတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ရုရှားနိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက် သံတမန်ရေးအရ ကြိုးပမ်းမှုမှန်သမျှကို အစွမ်းကုန်ကူညီရန် အသင့်ရှိကြောင်း သမ္မတဒေါ်နယ်ထရမ့်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် ရုရှားသမ္မတပူတင်က ကမ်းလှမ်းခဲ့သည်။

ရုရှားသမ္မတပူတင်နှင့် မေ ၂၉ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း အတည်ပြုထားသည်။

ရုရှားသမ္မတပူတင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် လေးနှစ်ကျော်ကြာ ယူကရိန်းစစ်ရေးပဋိပက္ခကို အဆုံးသတ်ရေးအတွက် မိမိတိုက်တွန်းပြောကြားခဲ့သည်ဟု သမ္မတဒေါ်နယ်ထရမ့်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# သွပ်သတ္တုတွင်းဟောင်းမြေအောက်၌ စိုက်ပျိုးထားသည့် ဆေးခြောက်စိုက်ခင်းကို ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့ ရှာဖွေတွေ့ရှိ

**ဆိုဖီယာ မေ ၃၀**

သွပ်သတ္တုတူးဖော်ရေး မိုင်းတွင်းဟောင်းတစ်ခုအတွင်း ဆေးခြောက်စိုက်ခင်းတစ်ခု ဖော်ထုတ်တွေ့ရှိခဲ့ပြီးနောက် ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့က မေ ၂၉ ရက်တွင် ဖမ်းဆီးထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သွပ်သတ္တုတွင်းဟောင်းအတွင်း ဖော်ထုတ်တွေ့ရှိခဲ့သည့် ဆေးခြောက်စိုက်ခင်းအတွင်း လူသုံးဦးကို မူးယစ်ဆေးဝါးကုန်သွယ်မှု၊ ငွေကြေးခဝါချမှုများဖြင့် တရားစွဲဆိုထားကြောင်း ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့သည် သွပ်သတ္တုတွင်းဟောင်းမြေအောက်၌ ဆေးခြောက်စိုက်ခင်းအပြင် ဆေးခြောက်ကီလိုဂရမ် ၇၀၊ ငွေသား ယူရို ၆၀၀၀၀၀ နှင့် လက်နက်ခဲယမ်းများကိုလည်း ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့က သိမ်းယူနိုင်ခဲ့သည်။

သွပ်သတ္တုတွင်းဟောင်း မြေအောက်၌ ဆေးခြောက်စိုက်ခင်းနှင့် ပတ်သက်ဆက်နွှယ်နေသော စတုတ္ထမြောက် တရားခံတစ်ဦးကိုလည်း ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိသည်။

အဆိုပါသွပ်သတ္တုတွင်းဟောင်းသည် ဘူလ်ဂေးရီးယားနိုင်ငံ အိုဆိုဂိုဗို တောင်ခြေရင်းအနီးတည်ရှိသည်။

မူးယစ်ကုန်သွယ်သူများသည် ထိုသတ္တုတွင်းဟောင်းကို အဆင့်မြင့်နည်းပညာများဖြင့် ပြန်လည်မွမ်းမံပြီး ဆေးခြောက်များစိုက်ပျိုးထားခြင်းဖြစ်သည်ဟု ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန်၏ အီရန်စစ်ရေးပဋိပက္ခ အသုံးစရိတ် ဒေါ်လာ ၂၅ ဘီလီယံထိရှိ

**ဝါရှင်တန် မေ ၃၀**



အီရန်နှင့်ဖြစ်ပွားနေသောစစ်ရေးပဋိပက္ခအတွက် အမေရိကန်နိုင်ငံက သုံးစွဲခဲ့ရသည့်စစ်အသုံးစရိတ်ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံထိရှိခဲ့သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက မေ ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားထားကြောင်း Xin-hua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ကိန်းဂဏန်းပမာဏသည် အီရန်စစ်ရေးပဋိပက္ခအတွက် အမေရိကန်နိုင်ငံသုံးစွဲခဲ့သော ငွေကြေးပမာဏနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၏ ပထမဆုံး တရားဝင်ခန့်မှန်းချက်ဖြစ်သည်။

အီရန် စစ်ရေးပဋိပက္ခအတွက် အမေရိကန်နိုင်ငံက သုံးစွဲခဲ့သည့် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံအနက် အများစုကို ခဲယမ်းမီးကျောက်များအတွက် သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန စာရင်းစစ်အရာရှိ ဂျူးလ်ဟာ့ခ်က လွှတ်တော်အမတ်များကို ရှင်းလင်းတင်ပြခဲ့သည်။

လက်ရှိတွင် အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် သုံးလတာကာလအတွင်း ဝင်ရောက်လာပြီဖြစ်သော အီရန်စစ်ရေးပဋိပက္ခကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ရပ်ဆိုင်းထားသည်။

အီရန် စစ်ရေးပဋိပက္ခအတွက် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနသည် အရှေ့အလယ်ပိုင်းသို့ တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာ ထပ်မံဖြန့်ကြက်ခဲ့ပြီး လေယာဉ်တင်သင်္ဘော သုံးစီးကိုလည်း အသုံးပြုခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်သိပ္ပံပညာရှင်များက ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အာကာသသုံးဖက်တိုင်း သတ္တုပုံရိုပ်နည်းပညာကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့



**ပေကျင်း မေ ၃၀**

တရုတ် သိပ္ပံပညာရှင်များသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အာကာသသုံးဖက်တိုင်း သတ္တုပုံရိုပ်နည်းပညာကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

အထက်ပါ အာကာသ သုံးဖက်တိုင်း သတ္တုပုံရိုပ်နည်းပညာကို တရုတ်သိပ္ပံအကယ်ဒမီ လက်အောက်ခံ အဖွဲ့အစည်းများမှ တရုတ် သိပ္ပံပညာရှင်များက ပြုလုပ်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

တရုတ် သိပ္ပံပညာရှင်များသည် အာကာသသုံးဖက်တိုင်း သတ္တုပုံရိုပ်နည်းပညာကို စမ်းသပ်ရာတွင် ကမ္ဘာပတ်လမ်းပေါ်ရှိ ချင်ကျိုး နည်းပညာစမ်းသပ် အာကာသယာဉ်ကို အသုံးပြုခဲ့ကြောင်း သိရသည်။

စမ်းသပ်မှုလုပ်ငန်းစဉ်အတွင်း ချင်ကျိုးနည်းပညာစမ်းသပ် အာကာသယာဉ်၌ တပ်ဆင်ထားသော သုံးဖက်တိုင်းသတ္တုပုံရိုပ်နည်းစနစ်သည် မြေပြင်စခန်း၏ညွှန်ကြားချက်အတိုင်း လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

သုံးဖက်တိုင်းသတ္တုပုံရိုပ်နည်းပညာသည် အာကာသပတ်ဝန်းကျင်၌ လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် စိန်ခေါ်မှုများစွာ ရှိနေဆဲ နည်းပညာတစ်မျိုး ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အထက်ပါ နည်းပညာသည် တစ်ချိန်ချိန်တွင် အာကာသ ယာဉ်မှူးများအတွက် လိုအပ်မည့်အရာများကို အာကာသထဲမှာပင် ထုတ်လုပ်နိုင်ရေးအတွက် အထောက်အကူ ပြုနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၉၅ အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်


**မော်စကို မေ ၃၀**

ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၉၅ အာကာသကုန်တင်ယာဉ်သည် မေ ၂၉ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ပရိုဂရက်စ်-၉၅ အာကာသကုန်တင်ယာဉ်သည် ရုရှားအာကာသအေဂျင်စီ၏ ဗက်ဇဒါ အာကာသပင်မကိုယ်ထည်၌ ဆိုက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်-၉၅ အာကာသကုန်တင်ယာဉ်ကို မေ ၂၅ ရက်တွင် ဆိုယုဇ်ဒုံးပျံဖြင့် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ်-၉၅ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း ယာဉ်မှူးများအတွက် စားနပ်ရိက္ခာအပါအဝင် ကုန်ပစ္စည်းတန်ချိန် သုံးတန်ခန့် သယ်ဆောင်ထားသည်။



ပရိုဂရက်စ်-၉၅ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ ဆိုက်ကပ်ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်ဖြစ်သည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ချိန်တွင် ပရိုဂရက်စ်-၉၅ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းမှ စွန့်ပစ်ပစ္စည်းများကို ပြန်လည်သယ်ယူလာမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အမေရိကန်အာကာသနည်းပညာကုမ္ပဏီ၏ ချက်ကရမ်ဆိုလည် ဒုံးအင်ဂျင်စမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့

**ဝါရှင်တန် မေ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် အရိုဘော့တစ် အာကာသနည်းပညာကုမ္ပဏီ၏ ချက်ကရမ်အမည်ရှိ ဆိုလည်ဒုံးအင်ဂျင်စမ်းသပ်မှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

ချက်ကရမ် ဆိုလည်ဒုံးအင်ဂျင်သစ် စမ်းသပ်မှုမှာ မျှော်လင့်ထားသည်ထက် ပို၍အောင်မြင်ခဲ့ကြောင်း အရိုဘော့တစ် အာကာသ နည်းပညာကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အရိုဘော့တစ်ကုမ္ပဏီသည် ချက်ကရမ် ဆိုလည်ဒုံးအင်ဂျင် စမ်းသပ်မှုများကို အလာဘားမား ပြည်နယ် ဘန့်ဖီးလ်မြို့ရှိ မာရှယ် အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အရိုဘော့တစ်ကုမ္ပဏီသည် ချက်ကရမ် ဆိုလည်ဒုံးအင်ဂျင် စမ်းသပ်မှုကို နှစ်ကြိမ်ပြုလုပ်ခဲ့ရာ တစ်ကြိမ်မှာ စက္ကန့် ၄၇၀ ကြာမြင့်၍ တစ်ကြိမ်မှာ စက္ကန့် ၃၀၀ ကြာမြင့်ခဲ့ကြောင်း သိရသည်။

စမ်းသပ်မှုများအတွင်း ချက်ကရမ် ဆိုလည်ဒုံးအင်ဂျင်သည် တွန်းပင့်အား ပေါင်ချိန် ၄၀၀၀ ကျော်ကို တည်ငြိမ်စွာထုတ်ပေးနိုင်ခဲ့သည်ဟု အရိုဘော့တစ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

အရိုဘော့တစ် ကုမ္ပဏီသည် ချက်ကရမ်ဆိုလည်ဒုံးအင်ဂျင်များကို ဂရစ်ဖင်လဆင်းယာဉ် ပုံစံသစ်များ၌အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## အားစိုက်ရသည့်ကိုယ်လက်လှုပ်ရှားမှုများက စွမ်းအင်ကိုမြှင့်တင်ပေးနိုင်ပြီး ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ခြေကိုလျှော့ချနိုင်

**ကင်ဘာရာ မေ ၃၀**

လေ့ကားတက်ခြင်း၊ လမ်းသွက်သွက် လျှောက်ခြင်းကဲ့သို့သော အားစိုက်ရသည့် ကိုယ်လက်လှုပ်ရှားမှုများသည် စွမ်းအင်ကို မြှင့်တင်ပေးနိုင်ပြီး ရောဂါဘယများကြောင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ အဒဲလိတ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၁၃၅၀၀၀ ကျော်တို့၏ ကိုယ်လက်လှုပ်ရှားမှုပုံစံများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အားစိုက်ရန် လိုအပ်သည့် ကိုယ်လက်လှုပ်ရှားမှုများကို တစ်ရက်လျှင် ငါးမိနစ်မျှ ပြုလုပ်ခဲ့လျှင်ပင် ရောဂါဘယများကြောင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် အသက်ဆုံးရှုံးနိုင်ခြေကို ခြောက်ရာခိုင်နှုန်းလျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အရွယ်ရောက်သူများအနေဖြင့် သီတင်းတစ်ပတ်လျှင် အထိုက်အလျောက် အားစိုက်ရသည့် လေ့ကျင့်ခန်းပြုလုပ်ချိန်အနည်းဆုံး မိနစ် ၁၅၀ ထိရှိသင့်သည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အားစိုက်ရသည့် ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ် ငါးမိနစ်မျှ ပြုလုပ်ခဲ့ပါကလည်း ကျန်းမာရေးအတွက် အကျိုးရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကိုယ်ဝန်ဆောင်များသုံးသည့် SBIMS ဆေးများက မွေးဖွားလာသည့်ရင်သွေးများ၌ အော်တစ်ဇင်ဖြစ်ပွားနိုင်ခြေ မြင့်တက်နိုင်

**နယူးယောက် မေ ၃၀**

ကိုယ်ဝန်ဆောင် အမျိုးသမီးများသုံးစွဲလေ့ရှိသည့် SBIMS ဆေးများသည် မွေးဖွားလာသည့် ရင်သွေးများ၌ အော်တစ်ဇင်ရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း မေ ၂၉ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်ဆောင် မိခင်လောင်းများ သုံးစွဲကြသည့် SBIMS ခေါ် ဆေးအမျိုးအစားများသည် မွေးဖွားလာသည့် ရင်သွေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သိရသည်။

စတာတင်(Statin)၊ Beta Blocker နှင့် စိတ်ကျဝေဒနာဆေးများလည်း အကျုံးဝင်သော SBIMS ဆေးများသည် ကိုယ်ဝန်ဆောင်မိခင်လောင်းများ၌ စိုးရိမ်သောကဝေဒနာဝင်ရောက်မှုနှင့် သွေးဖိအားပုံမှန်ထက် မြင့်တက်လာမှုကို ကုသရာတွင် အသုံးပြုသောဆေးများဖြစ်ကြသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ SBIMS ဆေးများကြောင့် မွေးဖွားလာသည့် ရင်သွေးများ၌ အော်တစ်ဇင်ရောဂါ ဖြစ်ပွားနိုင်ခြေပုံမှန်ထက် ၁ ဒသမ ၅ ဆ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် SBIMS ဆေးများသုံးစွဲရမှုများလေလေ ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်လေလေဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ပြည်သူ့စစ်မှုထမ်းလူငယ်များကို ကျေးဇူးတင်လျက်ရှိနေပါသည်

ဘုန်းမောင်ဝင်း(ဖျာပုံ)

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် ထိုနိုင်ငံ၏အသက်သွေးကြောဖြစ်သည်။ အသက်သွေးကြောများကွယ်ပျောက်ပါက လူသည် သက်မဲ့ဖြစ်သွားနိုင်သကဲ့သို့ နိုင်ငံ၏အချုပ်အခြာအာဏာကွယ်ပျောက်ပါက သက်မဲ့ခန္ဓာနှင့်ပမာတူလှသည်။ ထို့ကြောင့် နိုင်ငံတိုင်းက မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အလေးထား ကာကွယ်စောင့်ရှောက်လျက်ရှိကြသည်။ ခေတ်မီတိုးတက်လာသည့်ကမ္ဘာကြီးတွင် နိုင်ငံတိုင်းက မိမိနိုင်ငံကို လုံလောက်စွာကာကွယ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုမျိုးစုံပြုလုပ်ဆောင်ရွက်လျက်ရှိကြရာ မြန်မာနိုင်ငံသည်လည်း မိမိနိုင်ငံတော်ကို ပြည့်ပြည့်ဝဝကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါဆောင်ရွက်မှုကြောင့် ယခုအခါမြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပေါ်ထွန်းလာပြီး အရွယ်ရောက်သူမှန်သမျှ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ထမ်းဆောင်နေကြရသည်။

မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ယနေ့ထိ ပြည်သူ့စစ်မှုထမ်းရန်အတွက် လူငယ်လူရွယ်များ အားတက်သရောဖြင့် စစ်မှုထမ်းဆောင်လျက်ရှိကြသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄) တွင် တက်ရောက်ပညာသင်ကြားခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးတွင် ပါဝင်ထမ်းဆောင်ခဲ့ကြသည့် လူငယ်များသည် ယခုအခါသတ်မှတ်ထားသည့် စစ်မှုထမ်းသက်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များတက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြပြီး တာဝန်ကျေပွန်စွာ စစ်မှုထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြု မှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများကို နိုင်ငံတော်ကလည်း အလေးအနက်အသိအမှတ်ပြုခြင်းဖြစ်သည်။ ထိုသို့ အသိအမှတ်ပြုရာတွင် ပြည်သူ့စစ်မှုထမ်း၏ကိုယ်ပိုင်ဆန္ဒကိုသာ ဦးစားပေးဆောင်ရွက်ပေးသည်။ တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်ရန် ဆန္ဒပြုလာပါက တပ်မတော်သားအဖြစ်ခွင့်ပြုသည်။ မိမိတို့၏ မူရင်းအလုပ်အကိုင်ကိုသာ ပြန်လည်လုပ်ဆောင်ရန်ဆန္ဒရှိပါကလည်း သက်ဆိုင်ရာကုမ္ပဏီများတွင် ပြန်လည်ခန့်အပ်ပေးသည်။ ပြည်ပသို့အလုပ်အကိုင်သွားရောက်လိုပါက အရည်အသွေးပြည့်ဝအောင်လေ့ကျင့်ပေးပြီး ၎င်းတို့၏ဆန္ဒနှင့်အညီ ဖြည့်ဆည်းပေးသည်။ နောက်ဆုံးတစ်ချက်အနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်သူများသည် မိမိတို့၏ကျေးလက်ဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ဆောင်လိုပါက လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းစသည့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ ငွေကြေးအရင်းအနှီးများကိုလည်း မတည်ပေးမည်ဖြစ်သည်။ အလွန်ပင်ကြည်နူးဝမ်းသာဖွယ်ကောင်းလှသည့် ပြည်သူ့စစ်မှုထမ်းတို့၏ အိမ်အပြန်ခရီးဖြစ်သည်။

ပို၍ကြည်နူးဖွယ်ကောင်းလှသည်မှာ နေရပ်ပြန်

**❖ နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် လူငယ်၊ လူရွယ်များကို တန်ဖိုးရှိသောလူသားများအဖြစ် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်စေခြင်းဖြစ်သည်။ အမှန်တကယ်တန်ဖိုးရှိသော လူသားများဖြစ်သွားကြသည်။ ၎င်းတို့သည် အမိန့်နာခံတတ်မှု၊ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မှုတို့ဖြင့် စစ်ပညာများကို တတ်မြောက်သွားကြပြီဖြစ်သည်။ တပ်မတော်တွင် အထက်အောက် ရိုသေလေးစားမှုသည်ပဓာနကျလှသည်။ ကြီးသူကိုရိုသေ၊ ငယ်သူကို သနား၊ ရွယ်တူကို လေးစားဟူသောဆုံးမစကားများနှင့်လည်း ညီညွတ်သည်။ လူတစ်ဦးချင်း၏ တန်ဖိုးအစစ်အမှန်သည် စည်းကမ်းဖြစ်သည်။❖**

ပြည်သူ့စစ်မှုထမ်းများကို ၎င်းတို့၏ဒေသခံပြည်သူများက ဒိုးပတ်၊ အိုးစည်အကအခုန်များ၊ သပြေပန်းခက်များ၊ အစားအသောက်များဖြင့် ဖော်ဖော်ရွေရွေကြိုဆိုမှုပြုခြင်းဖြစ်သည်။ လူတစ်ဦး၏ ဘဝတွင် ဂုဏ်သိက္ခာသည် အမြင့်ဆုံးဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် လူငယ်တို့အတွက် ဂုဏ်သိက္ခာအမြင့်မားဆုံးတာဝန်ကို ရဲဝံ့စွန့်စားစွာထမ်းဆောင်ခြင်းဖြစ်သည့်အတွက် ပြည်သူများကလည်း သောင်းသောင်းဖြဖြ အားပေးကြိုဆိုကြခြင်းဖြစ်သည်။ ကောင်းကျိုးဆောင်ရွက်သူအတွက် ကောင်းကျိုးလိုရာဆန္ဒပြည့်ဝစေမည်သာဖြစ်သည်။ တန်ဖိုးရှိသော လူငယ်ဘဝကို နိုင်ငံတော်ကာကွယ်ရေးတွင် ပါဝင်ခြင်းဖြင့် မိမိ၏ဂုဏ်၊ မိသားစု၏ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို မြင့်မားစေခဲ့ပြီဖြစ်သည်။

သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ်သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသောတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ် ကမ္ပည်းမော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့်အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားပံ့ပိုးမှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကြားယုံကြည်မှုနှင့် တာဝန်သိမှုကိုဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည်။ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သားမျိုးဆက်သစ်လူငယ်၊ လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင်ဖြစ်သည်။

နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် လူငယ်၊ လူရွယ်များကို တန်ဖိုးရှိသော လူသားများအဖြစ် ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်စေခြင်းဖြစ်သည်။ အမှန်တကယ်တန်ဖိုးရှိသော လူသားများဖြစ်သွားကြသည်။ ၎င်းတို့သည် အမိန့်နာခံတတ်မှု၊ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မှုတို့ဖြင့် စစ်ပညာများကို တတ်မြောက်သွားကြပြီဖြစ်သည်။ တပ်မတော်တွင် အထက်အောက်ရိုသေလေးစားမှုသည်ပဓာနကျလှသည်။ ကြီးသူကိုရိုသေ၊ ငယ်သူကိုသနား၊ ရွယ်တူကိုလေးစားဟူသော ဆုံးမစကားများနှင့်လည်းညီညွတ်သည်။ လူတစ်ဦးချင်း၏တန်ဖိုးအစစ်အမှန်သည် စည်းကမ်းဖြစ်သည်။ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာဟူသော အဓိကအချက်သုံးချက်နှင့်အတူ မိမိတို့လူငယ်အချင်းချင်းစည်းလုံးညီညွတ်မှုရှိကြသည်။ ထို့အတူ တပ်မတော်တွင် တာဝန်ထမ်းဆောင်ကြရသည့်အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဟူသော စွမ်းရည်များဖြင့် ပြည့်စုံသွားကြသည်။ ဤသည်မှာတပ်မတော်က လူငယ်များကို တန်ဖိုးရှိအောင်၊ အဖိုးတန်သော လူငယ်များဖြစ်အောင် စနစ်တကျ ပြုပြင်ဖန်တီးပေးလိုက်ခြင်းဖြစ်သည်။

တပ်မတော်သားဘဝအဖြစ် ပြည်သူ့စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း အထက်အရာရှိကို အလေးပြုရခြင်းမှာ တပ်မတော်သားတို့၏ ဂုဏ်ကို ပြသခြင်းဖြစ်သည်။ အလေးပြုခြင်း၏ရည်ရွယ်ချက်တွင် **ခင်မင်လေးစားစွာနှုတ်ဆက်ခြင်း၊ အထက်အောက်ရှိသေလေးစားမှုကိုပြသခြင်း၊ အချင်းချင်းစည်းလုံးညီညွတ်မှုကို သရုပ်ဖော်ခြင်း၊ စည်းကမ်းသေဝပ်မှုရှိခြင်း၊ တိုင်းပြည်အတွက် ဦးတည်ချက်ကို အလေးပြုတိုင်းပြန်လည်သတိရခြင်း**ဟူ၍ ဖော်ပြထားသည်။ အဆိုပါအချက်များသည် အထက်တွင်ဖော်ပြခဲ့သည့် ကြီးသူကိုရိုသေ၊ ငယ်သူကိုသနား၊ ရွယ်တူကိုလေးစားဟူသော စိတ်ဓာတ်ကောင်းပင်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ခဲ့သူများ၊ တက်ရောက်နေဆဲရှိသူများ၊ တက်ရောက်ရန် စာရင်းပေးသွင်းထားသူများအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ အလေးထားမှုကို ကောင်းစွာသိမြင်ကြပြီဖြစ်သည်။ ဆိုလိုသည်မှာ ပြည်သူ့စစ်မှုထမ်းတစ်ဦးအဖြစ် သင်တန်းသို့စတင်ရောက်ရှိသည့်အချိန်မှစ၍ သင်တန်းပြီးဆုံးသည်ထိ လိုအပ်ချက်မရှိအောင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခြင်း၊ ငွေကြေးမှအစ အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းပေးခြင်း စသည်ဖြင့်လိုအပ်ချက်မရှိအောင် စီမံပေးကြသည်။ တာဝန်ထမ်းဆောင်မှုကာလ ပြည့်မြောက်သည့်အခါတွင်လည်း ဖြစ်သလို ပြန်လည်စေလွှတ်ခြင်းမျိုးလုံးဝမပြုလုပ်ဘဲ ခမ်းခမ်းနားနားဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အခမ်းအနားဖြင့် ပေးအပ်ခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်လိုက်ရသဖြင့် လူငယ်၊ လူရွယ်အတွက် ကောင်းကျိုးကို ပိုမိုတိုးပွားစေခဲ့သည်။ နိုင်ငံတော်၏ အရေးအရာကိစ္စများသည် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည်ဟူသော အသိအမြင်ဗဟုသုတများ တိုးပွားစေခဲ့ပြီဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြုံလာခဲ့လျှင် အဆင်သင့်ဖြစ်နေကြပြီဖြစ်သည်။ စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်စွန့်စားအနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ကြရသည့်အတွေ့အကြုံကောင်းများမှာ တန်ဖိုးရှိသော အသိအမြင်များဖြစ်သည်။

နိုင်ငံသားတိုင်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်နှင့်အညီ လူငယ်မှန်သမျှသည် သတ်မှတ်ချက်များနှင့်အညီ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။

လက်ဆင့်ကမ်းအမွေဆိုသည်မှာ လူကြီးများက လူငယ်များသို့ လက်ဆင့်ကမ်းပေးခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် အမွေကိုဆက်လက်ထိန်းသိမ်းကာ ပိုမိုတိုးတက်အောင် ကြိုးစားကြရမည်ဖြစ်သည်။ တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေဆိုသည့်အတိုင်း လူငယ်၊ လူရွယ်တို့၏ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်မှုကို ဂုဏ်ယူနေပါသည်။ နိုင်ငံတော်အတွက် စဉ်ဆက်မပြတ်ထမ်းဆောင်နေရမည့်တာဝန်လည်းဖြစ်သည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးက ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ရန် ရည်ရွယ်ထားသော လူငယ်များ၊ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်လျက်ရှိသော လူငယ်များ၊ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီးသူ လူငယ်များအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ကာ ကျေးဇူးတင်လျက်ရှိနေပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

## မြောက်အိုင်ယာလန်နိုင်ငံ မော်တောင်တန်းတွင် တောမီးလောင်ကျွမ်းနေပြီး ထိန်းချုပ်ရခက်နေသဖြင့် တောမီးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်



ဒပ်ဗ်လင် မေ ၃၀

မြောက်အိုင်ယာလန်နိုင်ငံ မော်တောင်တန်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်နေသဖြင့် တောမီးအန္တရာယ် အရေးပေါ်အခြေအနေ သတ်မှတ်ကြောင်း မြောက်အိုင်ယာလန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မော်တောင်တန်းသည် မီတာ ၆၀၀ ကျော်ထိ ကျယ်ပြန့်သည့် တောင်တန်းဖြစ်ပြီး တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးကို စေလွှတ်ထားကြောင်း၊ တောမီးသည် မော်တောင်တန်းမှတစ်ဆင့် ဘလက်ဒီတံတားနှင့် ဟက်လမ်မကြီးဘက်သို့ ဦးတည်ကူးစက်နေသည့်အတွက် ဘလက်ဒီတံတားနှင့် ဟက်လမ်မကြီးတို့ကို ဖြတ်သန်းအသုံးမပြုကြရန် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"မော်တောင်တန်းမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးကူးစက်မှုနှုန်း မြန်ဆန်နေပြီးတော့ တောမီးဟာ ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိနေပါတယ်။ တောမီးလောင်ကျွမ်းမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာထားပြီးတော့ မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးကို စေလွှတ်ပေးထားပါတယ်။ လေကြောင်းအကူအညီ ရယူသွားဖို့ ရှိနေပါတယ်။ လောလောဆယ်မှာတော့ ဘလက်ဒီတံတားနဲ့ ဟက်လမ်မကြီးဘက်ကို တောမီးကူးစက် လောင်ကျွမ်းနေတဲ့အတွက်ကြောင့် အသုံးမပြုကြဖို့လဲ သတိပေးချက်ထုတ်ပြန်ထားပါတယ်" ဟု မြောက်အိုင်ယာလန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စပါးရိတ်သိမ်းချိန်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စပါးစိုက်ခင်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိ

ဒါကာ မေ ၃၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စပါးရိတ်သိမ်းချိန်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စပါးစိုက်ခင်း ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဘင်္ဂလားဒေ့ရှ် အရှေ့မြောက်ပိုင်းရှိ ဆီလက်ပြည်နယ် အပါအဝင် ဆူနမ်ဂန့်ဂျ်ခရိုင်၊ ကီရှိုရ်ဂန့်ဂျ်ခရိုင်၊ ဟာဘီဂန့်ဂျ်ခရိုင်နှင့် မော်လ်ဗီဘာဇာခရိုင်တို့ရှိ စပါးစိုက်ခင်းများသည် ရေကြီးရေလျှံမှုအန္တရာယ်ကို ရင်ဆိုင်နေရကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှု၊ လေပြင်းများနှင့် မိုးကြိုးမုန်တိုင်းများကြားမှ ဒေသခံတောင်သူများသည် ရေတစ်စိတ်တစ်ပိုင်း နစ်မြုပ်နေသော စပါးစိုက်ခင်းများကို အလျင်အမြန် ရိတ်သိမ်းနေကြရကြောင်း၊ တချို့ စပါးစိုက်ခင်းများသည် ရေလုံးဝနစ်မြုပ်သွားသဖြင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ကာ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် အမျိုးသားစားနပ်ရိက္ခာလုံခြုံရေးတို့ကို ထိခိုက်စေနိုင်ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုကြောင့် သီးနှံများ ရေနစ်မြုပ်ကာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ရေနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများစာရင်းကို ကောက်ယူနေဆဲ ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်မိုးလေဝသဌာနက လာမည့်ရက်များအတွင်း မိုးရွာသွန်းမှု ဆက်လက်ဖြစ်ပေါ်မည်ဟုခန့်မှန်းထားပြီး Haor မြစ်ဝှမ်းတစ်လျှောက် ရေကြီးရေလျှံမှု ပိုမိုကျယ်ပြန့်လာနိုင်သဖြင့် အာဏာပိုင်များက ပြည်သူများကို သတိပြုနေထိုင်ကြရန် သတိပေးထားသည်။

Ref : Sputnik News
Trs : KZ

## ဖင်လန်နိုင်ငံတွင် လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်နေမှု တိုးတက်အောင်မြင်မှုများ ရရှိနေ

ဟယ်လ်ဆင်ကီး မေ ၃၀

ဖင်လန်နိုင်ငံ၏ လေထုညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်နေမှုသည် တိုးတက်အောင်မြင်မှုများ ရရှိနေကြောင်း ဖင်လန်ပတ်ဝန်းကျင် အင်စတီကျု (Syke) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဖင်လန်နိုင်ငံသည် မကြာသေးမီ ဆယ်စုနှစ်များအတွင်း လေထုညစ်ညမ်းမှု ထုတ်လွှတ်မှုများကို သိသိသာသာ လျှော့ချနိုင်ခဲ့ပြီး ယခုအခါ ဥရောပသမဂ္ဂ (EU) ဥပဒေများနှင့် နိုင်ငံတကာသဘောတူညီချက်များအောက်ရှိ ရည်မှန်းချက်များကို ပြည့်မီစွာ လိုက်နာနိုင်ပြီဖြစ်ကြောင်း၊ ဖင်လန်ပတ်ဝန်းကျင် အင်စတီကျု (Syke)၏ အဆိုအရ အဆိုပါ တိုးတက်မှုများသည် စွမ်းအင်စနစ် ပြောင်းလဲသုံးစွဲခြင်း၊ ဥရောပသမဂ္ဂက ထုတ်ပြန်သော စည်းမျဉ်းများကို လိုက်နာခြင်း၊ သန့်ရှင်းသော စက်မှုနည်းပညာများ အသုံးပြုခြင်းနှင့် ကာဗွန်ကဲ့သို့ လေထုညစ်ညမ်းစေသော အရာများထုတ်လွှတ်မှုကို ထိန်းချုပ်



တင်းကျပ်လာခြင်းဖြစ်သည်။

ထိုသို့ လေထုညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းများ တိုးတက်လာစေရေးအတွက် စွမ်းအင်စနစ် ပြောင်းလဲ သုံးစွဲခြင်းဆိုရာတွင် စက်မှုလုပ်ငန်းနှင့် ဓာတ်အားပေးစက်ရုံများတွင် မီးခိုးငွေ့သန့်စင်နည်းပညာများ အသုံးပြုလာခြင်း၊ ရုပ်ကြွင်းလောင်စာ အသုံးပြုမှု လျှော့နည်းလာခြင်းနှင့် လေစွမ်းအင်ကဲ့သို့ သန့်ရှင်းသော စွမ်းအင်များ တိုးတက်အသုံးပြုလာခြင်း၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် နည်းပညာကိုအသုံးချပြီး ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချလိုက်ခြင်းကြောင့်ဖြစ်သည်။

သို့သော် စိုက်ပျိုးရေးကဏ္ဍနှင့် တိရစ္ဆာန်မစင်များမှ ထွက်ပေါ်သော အမိုးနီးယား ထုတ်လွှတ်မှုကို လျှော့ချရန် အစာကျွေးမှုနှင့် မစင်စီမံခန့်ခွဲမှုစနစ်များကို ပြုပြင်ပြောင်းလဲရန် စိမ်လျက်ရှိကြောင်း Syke မှ သုတေသီ Juha Grolnroos က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## ၂၀၂၅ ခုနှစ်အတွင်း အပူချိန်အမြင့်မားဆုံးက ဥရောပတိုက်ဖြစ်ကြောင်း WMO ထုတ်ပြန်

ဂျီနီဗာ မေ ၃၀

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း (WMO) က ကမ္ဘာ့တိုက်ကြီးများအနက် ၂၀၂၅ ခုနှစ်အတွင်း ရာသီဥတု ဖောက်ပြန်မှုနှုန်းမြင့်မားခဲ့ပြီး အပူချိန် အမြင့်မားဆုံးသော တိုက်မှာ ဥရောပတိုက်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဥရောပတိုက်အတွင်းရှိ နိုင်ငံအများစုတွင် အပူချိန်စံချိန်တင် မြင့်တက်ခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုနှုန်းလည်း မြင့်မားခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့သော သစ်တောမြေဟက်တာ ၁ သန်းကျော်ထိ မြင့်တက်ခဲ့ပြီး ဥရောပတိုက်၏ ၇၀ ရာခိုင်နှုန်းသော မြစ်ချောင်းများတွင်လည်း ရေကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း European Centre for Medium-Range Weather Forecasts (ECMWF) က ထုတ်ပြန်သွားခဲ့သည်။

"မှတ်တမ်းတွေအရ အပူချိန်အမြင့်မားဆုံးသော တိုက်ကတော့ ဥရောပတိုက်ပဲဖြစ်ပါတယ်။ အပူချိန်မြင့်တက်မှုနှုန်းကလဲ တော်တော်မြန်ဆန်ခဲ့တယ်။ ဥရောပတိုက်အတွင်းမှာရှိတဲ့ နိုင်ငံအများစုဟာအပူချိန်မြင့်တက်မှု ပြဿနာရဲ့ရိုက်ခတ်မှုနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ အထူးသဖြင့် အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်ပြီးတော့ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ သစ်တောမြေ ဟက်တာ ၁ သန်းထိ တောမီးလောင်ကျွမ်းခဲ့ပါတယ်။ ဥရောပတိုက်အတွင်းမှာရှိတဲ့ မြစ်ချောင်း ၇၀ ရာခိုင်နှုန်းလောက်ထိ ရေကျဆင်းမှု ဖြစ်ပေါ်ခဲ့ပါတယ်" ဟု European Centre for Medium-Range Weather Forecasts (ECMWF) ၏ ဒါရိုက်တာဖြစ်သူ ဖလော်ရီယန်က ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## မြောက်ကိုရီးယားနိုင်ငံတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း မြောက်ကိုရီးယားအစိုးရပိုင် ရုပ်သံလိုင်းက ထုတ်ပြန်ကြေညာ

ပြုံယမ်း မေ ၃၀

မြောက်ကိုရီးယားနိုင်ငံတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် လက်ရှိကာလတွင် မိုးခေါင်မှု ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း မြောက်ကိုရီးယားနိုင်ငံ အစိုးရပိုင် ရုပ်သံလိုင်းမှ တရားဝင်ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံတွင် ပုံမှန်မဟုတ်သည့် အပူချိန်မြင့် တက်မှုဖြစ်ပေါ်နေပြီး မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် လုံလောက်သည့် ရေပေးဝေမှုမလုပ်နိုင်ကြောင်း၊ သို့သော်လည်း မွေးမြူရေးလုပ်ငန်းရှင်များနှင့် တောင်သူများအနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ခင်းများ ထိခိုက်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း Korean Central News Agency (KCNA) က ထုတ်ပြန်ကြေညာသွားခဲ့သည်။

"နိုင်ငံတစ်ဝန်း ၂၀၂၅ ခုနှစ်ကစပြီးတော့ မိုးခေါင်မှုတွေ ဖြစ်ပေါ်လာနိုင်တဲ့ လက္ခဏာတွေ ဖြစ်ပေါ်ခဲ့တယ်။ ၂၀၂၆ ခုနှစ်မှာတော့ မိုးခေါင်မှုပြဿနာက အခြေအနေဆိုးလာတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေအပေါ်မှာ ရိုက်ခတ်မှုတွေဖြစ်ပေါ်လာပါတယ်။ ဒါပေမဲ့လဲ မွေးမြူရေးသမားတွေ၊ တောင်သူတွေအနေနဲ့သူတို့လုပ်ငန်းတွေအပေါ်မှာ ရိုက်ခတ်မှုမကြီးမားဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ တောင်သူတွေအနေနဲ့ကတော့ နှစ်စဉ်နှစ်တိုင်းလဲ စိုက်ပျိုးရေးကဏ္ဍမှာ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီးတော့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်လေ့ရှိပါတယ်"ဟု Korean Central News Agency (KCNA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# လုပ်ငန်းခွင်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်သမားကဏ္ဍမြှင့်တင်ပေး

ထက်ဝေအောင်(စစ်ကိုင်း)

အလုပ်သမားအားလုံးသည် နိုင်ငံတော်၏ ကျရာအခန်းကဏ္ဍမှပါဝင်လျက် ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုအောင်မြင်ရေး၊ ဝင်ငွေပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်နေသူများဖြစ်သည်။ အလုပ်သမားဆိုသည်မှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြရသည့် ကာယလုပ်သားကြီးများ၊ ဉာဏလုပ်သားကြီးများဖြစ်သည်။ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းရှိလုပ်သားအင်အား ပမာဏများစွာလိုအပ်နေသည်မှာ အမှန်တရားဖြစ်သည်။ အလုပ်သမားအင်အားကို တန်ဖိုးရှိရှိ အကျိုးရှိစွာ အသုံးချနိုင်ရေးလိုအပ်သည်။ အမှန်တကယ် လိုအပ်နေသည့် လုပ်ငန်းနေရာများတွင် အလုပ်သမားများကို နေရာပေးသင့်ပြီး လုပ်ငန်းခွင်များတွင် လုပ်သားအင်အား ခါးဆက်မပြတ်ရေး အရေးကြီးလှသည်။ စည်းကမ်းကောင်းမွန်၍ စွမ်းဆောင်ရည် ထက်မြက်သော လုပ်ငန်းကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်မှသာ လုပ်ငန်းခွင်ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။ အလုပ်သမားများသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး တိုးတက်ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ် ဖော်ဆောင်ရေးကဏ္ဍများတွင် ထိပ်ဆုံးကပါဝင်နေမည်ဖြစ်သည်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီး၌ မိမိတို့၏ နိုင်ငံသားများအတွက် လိုအပ်လျက်ရှိသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြသည်။ ပြည်သူအများစု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးတို့အတွက် အလုပ်အကိုင်များရရှိရေးကိစ္စမှာ အဓိက လိုအပ်ချက်ဖြစ်သည်။ အလားတူပင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်ရာတွင် လုပ်သားအင်အားကို စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်မှုသည် အရေးပါလာသည်။ အလုပ်လိုအပ်နေသူများအတွက် အမှန်တကယ် အလုပ်ပေးနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရန် လိုအပ်သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးသည် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းကို ကိုယ်စားပြုသဖြင့် အလုပ်သမားများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးကြရမည်။ အလုပ်သမားထု၏ ကျွမ်းကျင်သော အတွေ့အကြုံများ၊ ကြိုးစားအားထုတ်မှု လုပ်အားများသည် အဖိုးမဖြတ်နိုင်သော လူသားစွမ်းဆောင်ရည်များဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားများစွာသည် မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားအတွက် အလုပ်လုပ်ကြသူများဖြစ်သည်။ စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲမှုနှင့်အတူ လိုက်ပါဆောင်ရွက်နေသူများ ပိုပို တီထွင်ဖန်တီးနိုင်စွမ်းအားနှင့် စွမ်းရည်ပြည့်ဝသော အရည်အချင်းများပြည့်မီရန် ရှေ့မီနောက်မီ အလုပ်သမားကြီးများဖြင့် မွမ်းမံသင်တန်းများ၊ အတွေ့အကြုံဝေမျှဆွေးနွေးခြင်းများ ပြုလုပ်ပေးသင့်သည်။ ဝါရင့်အလုပ်သမား၏ လုပ်သက်အတွေ့အကြုံရင့်ကျက်မှုက အချိန်ကုန်လူပန်းဖြစ်ခြင်းကို ကုစားနိုင်ပြီး လုပ်ငန်းလည်ပတ်ရေးကို အဆင်ပြေချောမွေ့စေနိုင်သည်။ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံအများစုတွင် စက်ရုံအလုပ်ရုံများစွာ တည်ဆောက်လာခြင်းကြောင့် အလုပ်နေရာအသီးသီးအတွက် အလုပ်သမားအသစ်များ ပိုမိုလိုအပ်လာသည်။ အလားတူပင် အလုပ်သမားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာသည်။ စွမ်းရည်ပြည့်ဝနေသော အလုပ်သမားများ၏ ရပိုင်ခွင့်လစာ၊ အခွင့်အရေးများ မျှတစွာရရှိရန် လိုအပ်သည်။ အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးကြား အကျိုးတူပူးပေါင်းခြင်းမှတစ်ဆင့် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေး အခြေခံလိုအပ်ချက်များကို နားလည်ဆောင်ရွက်နိုင်မည်ဆိုပါက ဆက်ဆံရေးများကောင်းမွန်လာပြီး ငြိမ်းချမ်းသာယာသော လုပ်ငန်းခွင်တစ်ခုဖြစ်လာနိုင်သည်။

> ❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်ရာတွင် လုပ်သားအင်အားကို စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်မှုသည် အရေးပါလာသည်။ အလုပ်လိုအပ်နေသူများအတွက် အမှန်တကယ် အလုပ်ပေးနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရန် လိုအပ်သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးသည် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းကို ကိုယ်စားပြုသဖြင့် အလုပ်သမားများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးကြရမည်။ အလုပ်သမားထု၏ ကျွမ်းကျင်သော အတွေ့အကြုံများ၊ ကြိုးစားအားထုတ်မှု လုပ်အားများသည် အဖိုးမဖြတ်နိုင်သော လူသားစွမ်းဆောင်ရည်များဖြစ်သည်။ ❖

အလုပ်ရှင်များဘက်က အခက်အခဲများကိုလည်း အလုပ်သမားများက နားလည်ပေးရန် လိုအပ်ပြီး အလုပ်သမားထု၏လိုအပ်ချက်ကို ငြိမ်းချမ်းစွာ ဖြေရှင်းကြရပါမည်။ လုပ်ငန်းခွင်တွင်း ဘေးကင်းလုံခြုံရေးသည် အလုပ်သမားထုကြီးအတွက် အရေးကြီးသည်။ ကျန်းမာကြံ့ခိုင်သော လုပ်သားတစ်ရပ်ရှိနေမှသာ ကုန်ထုတ်လုပ်မှုကဏ္ဍအနှောင့်အယှက်မဲ့ တိုးတက်မှုရရှိနိုင်မည်ဖြစ်သည်။ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကောင်းမွန်သော လုပ်ငန်းခွင်တစ်ရပ် တည်ဆောက်ပေးခြင်းသည် အလုပ်သမားထုအတွက် အားဆေးတစ်ခွက်ပင်ဖြစ်သည်။ လူပင်ပန်းသည့်တိုင် စိတ်ကျန်းမာချမ်းသာစေမည်ဖြစ်သည်။

အလုပ်သမားထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ပြီး စွမ်းဆောင်ရည်ပြည့်ဝနေမှသာ နိုင်ငံ့စီးပွားရေးကဏ္ဍစုံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အလုပ်သမားအားလုံး၏ အနာဂတ် အိပ်မက်အသီးသီးကိုပြုစုပျိုးထောင်ပေးခြင်းဖြင့် ပြည့်စွမ်းအားပြည်တွင်းမှာ တည်ရှိနိုင်မည်ဖြစ်သည်။ အလုပ်သမားများ၏ ကာယ၊ ဉာဏအင်အားနှစ်ရပ်စလုံးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလိုအပ်ဆုံး အခြေခံအုတ်မြစ်ဖြစ်သည်။ မြန်မာ့လယ်ယာကဏ္ဍတွင် အလုပ်သမားရှားပါးမှု ပြဿနာကြုံတွေ့နေရပြီး လုပ်သားအများစုသည် နိုင်ငံခြားတိုင်းပြည်များတွင် အလုပ်ထွက်လုပ်နေကြသဖြင့် နိုင်ငံ့အင်အားဆုံးရှုံးကြရသည်။ အလုပ်သမားများအနေဖြင့်လည်း ပြည်ပနိုင်ငံများတွင် ဘာသာစကားအားနည်းမှု အခက်အခဲကြောင့် ရသင့်ရထိုက်သော လုပ်ခလစာ ထက်နည်းပါးစွာရရှိခြင်း၊ ရပိုင်ခွင့်ဆိုင်ရာ လူ့အခွင့်အရေးများ ဆုံးရှုံးနိုင်သည်။

ကမ္ဘာကြီးသည် အလုပ်သမားများ၏ ကာယ၊ ဉာဏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုသောအားဖြင့် နှစ်စဉ် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဂုဏ်ပြုကျင်းပသည်။ အလုပ်သမားထုကြီးအတွက် တန်ဖိုးရှိသော နေ့ထူးနေ့မြတ်လည်းဖြစ်သည်။ အလုပ်သမားအချင်းချင်း သွေးစည်းခြင်းကို ကိုယ်စားပြုသောနေ့လည်းဖြစ်သည်။ တစ်ဖန် အလုပ်သမားများအနေဖြင့် စည်းကမ်းရှိရှိ၊ ကြိုးကြိုးစားစား၊ စေတနာပါပါ လုံ့လပြု၍ မိမိတာဝန်ယူဆောင်ရွက်မှုကဏ္ဍအလိုက် တာဝန်ကို ကျေပွန်စွာဆောင်ရွက်ကြရမည်။ လုပ်ငန်းခွင်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အထူးလိုက်နာဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှုနည်းပညာများ အမြဲမပြတ် သင်ယူလေ့လာခြင်း၊ အလုပ်သမားအချင်းချင်း ကူညီရိုင်းပင်းခြင်းနှင့် စည်းလုံးညီညွတ်သော အလုပ်သမားထုတစ်ရပ် အောင်မြင်တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အလုပ်ရှင်များအနေဖြင့် အလုပ်သမား၏ အခွင့်အရေး၊ ရပိုင်ခွင့်၊ တရားမျှတမှုတို့ကို ဆောင်ကြဉ်းပေးခြင်းဖြင့် အလုပ်ရှင်များသည် အလုပ်သမားများ၏အကောင်းဆုံး မိတ်ဆွေအပေါင်းအဖော်များဖြစ်လာမည်ဖြစ်သည်။ ထို့အတူ အပြန်အလှန်အားဖြင့် အလုပ်သမားများသည်လည်း အလုပ်ရှင်၏ အကျိုးတူပူးပေါင်းသူများသာဖြစ်ပြီး ထိုအလွှာနှစ်ခု ညီညွတ်ရန် လိုအပ်သည်။

အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ခြင်းသည် တည်ငြိမ်အေးချမ်းသောလုပ်ငန်းခွင်ကို ဖြစ်ပေါ်စေသည်။ နိုင်ငံတော်သည် အလုပ်သမားဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေတွင် အလုပ်သမားများ ရသင့်ရထိုက်သော အကျိုးခံစားခွင့် များရရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးစသည်တို့ပါဝင်သည်။ သို့မှသာ အလုပ်သမားထုကြီးကို မှီခိုနေသော မိသားစုများ၏ အနာဂတ်ဘဝ လုံခြုံစေမည်ဖြစ်သည်။ လောကသဘာဝအရ ကာယနှင့်ဖြစ်စေ၊ ဉာဏနှင့်ဖြစ်စေ ကျွမ်းကျင်ရာအလိုက် စားဝတ်နေရေးအတွက် အမြဲအလုပ်လုပ်နေကြရသည်။ မှီခိုဇနီးပင်လျှင် အိမ်အလုပ်ကိုလုပ်ကြရသည်။ သားသမီးများမှာလည်း ကျောင်းပညာသင်ယူမှု ပြီးဆုံးသည့်နောက် ဉာဏလုပ်ငန်း နယ်ပယ်အသီးသီးတွင် ပြန်လည်ဝင်ရောက်အလုပ်လုပ်ကြရမည်ဖြစ်သည်။ ပညာရေး ဆုံးခန်းမတိုင်သူများက ကာယအင်အားဖြင့် အလုပ်လုပ်ကြသည်ကို တွေ့ရှိရသည်။

အနှစ်ချုပ်အားဖြင့် လူသားတိုင်းဘဝရပ်တည်ရှင်သန်ရေးအတွက် ကာယအား၊ ဉာဏအား အသုံးပြုလျက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ကြရမည်ဖြစ်သည်။ အလုပ်ဟူသမျှဂုဏ်ရှိစွ ဆိုစကားကဲ့သို့ပင် သမ္မာအာဇီဝကျသောအလုပ်ကို ရိုးသားကြိုးစားစွာ လုပ်ကိုင်ကြရမည်ဖြစ်သည်။ ဖွံ့ဖြိုးမှုအခြေပြုသည့် လုပ်ငန်းနယ်ပယ်အသီးသီးတွင် လုပ်သားအင်အားထုမှာ အမြဲတစေ လိုအပ်လျက်ရှိနေမည်ဖြစ်ပြီး စက်မှုဖွံ့ဖြိုးသောနိုင်ငံများပင်လျှင် လုပ်ငန်းခွင်များတွင် အသိဉာဏ်ရှိသော လူသားများကို တလေးတစား အသုံးပြုနေရဆဲဖြစ်သည်။ လုပ်ငန်းခွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားထု၏စွမ်းအားသည် အလွန်ကြီးမားသည်။ နိုင်ငံ၏စီးပွားရေးအရှေ့ကို ပူးပေါင်းအင်အားတစ်ရပ်အဖြစ် တွန်းရွှေ့နိုင်သည့် အလုပ်သမားတစ်ဦးချင်းစီ၏ ကြိုးစားမှု၊ အရည်အချင်း၊ စေတနာတို့အပြင် အလုပ်သမားတို့၏ အခွင့်အလမ်းနှင့်ဆန္ဒများသည်လည်း အရေးပါလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားအပြန်အလှန် နားလည်ညီညွတ်စွာဖြင့် အလုပ်သမားကဏ္ဍမြှင့်တင်ပေးခြင်းဖြင့် အလုပ်သမားထုကြား ပိုမိုကောင်းမွန်သော ကြိုးစားလိုစိတ်၊ တီထွင်ကြံဆလိုစိတ်များဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်နိုင်စေကြောင်း ဆန္ဒပြုရေးသား လိုက်ရပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နိုင်ငံက EW စွမ်းရည်မြှင့်တင်ရန် အမေရိကန် Northrop Grumman ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည်



ဂျပန်နိုင်ငံသည် အီလက်ထရွန်နစ်စစ်ဆင်ရေး (Electronic Warfare – EW) စွမ်းဆောင်ရည်များကိုမြှင့်တင်ရန်အတွက် အမေရိကန် ကာကွယ်ရေးနည်းပညာကုမ္ပဏီကြီးဖြစ်သော Northrop Grumman နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဧပြီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နှစ်ဖက်စလုံးသည် ဂျပန်နိုင်ငံအတွင်း ကိုယ်ပိုင်နည်းပညာစွမ်းရည်များ တည်ဆောက်နိုင်ရန်၊ အချက်အလက်များကို အကောင်းဆုံးအသုံးချနိုင်ရန်နှင့် ရန်သူ့ခြိမ်းခြောက်မှုများကို ပုံတူကူးစမ်းသပ်မှုများပြုလုပ်နိုင်ရန် ပူးပေါင်းကြိုးပမ်းသွားမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ဂျပန်အစိုးရအနေဖြင့် ရန်သူ့လှိုင်းများကို ထောက်လှမ်းခြင်း၊ အခွင့်ကောင်းယူအသုံးချခြင်း၊ လှည့်ဖြားခြင်းနှင့် ပိတ်ဆို့နှောင့်ယှက်ခြင်းစသည့် အီလက်ထရွန်နစ်စစ်ဆင်ရေးဖြစ်စဉ်တစ်ခုလုံးကို စနစ်တကျ ကိုင်တွယ်နိုင်စွမ်းရှိလာမည့်အပြင် မိမိဘက်တော်သားတပ်ဖွဲ့ဝင်များကို ပြန်လည်ကာကွယ်ပေးနိုင်သည့်စွမ်းရည်များကိုလည်း အားကောင်းလာစေမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် Northrop Grumman ကုမ္ပဏီက အီလက်ထရွန်နစ်စစ်ဆင်ရေး နည်းပညာနှစ်မျိုးကို အဓိကထားတင်ပြခဲ့သည်။ ၎င်းတို့မှာ CEESIM (စစ်မြေပြင်လျှပ်စစ်သံလိုက်ပတ်ဝန်းကျင်ပုံတူစနစ်)နှင့် JTE (ပူးတွဲခြိမ်းခြောက်မှုထုတ်လွှင့်မှုစနစ်)တို့ဖြစ်ကြသည်။

CEESIM (Combat Electromagnetic Environment Simulator) စနစ်သည် စစ်မြေပြင်ရှိ အီလက်ထရွန်နစ်လှုပ်ရှားမှုများဖြင့်ပြည့်နှက်နေသည့် လက်တွေ့ဆန်သောပတ်ဝန်းကျင်ကို ပုံတူဖန်တီးပေးပြီး အရပ်မျက်နှာအသီးသီးမှ လာနိုင်သည့် အီလက်ထရွန်နစ် ခြိမ်းခြောက်မှုများကို တုပဖန်တီးပေးနိုင်သည်။ ၎င်းသည် အင်ဂျင်နီယာများနှင့်စစ်ဆင်ရေးအဖွဲ့များအတွက် အထူးပြုစမ်းသပ်ရေးဌာနများနှင့် စစ်ရေးလေ့ကျင့်ကွင်းများတွင် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကို စနစ်တကျ အကဲဖြတ်ရန်နှင့် ပေါင်းစပ်တပ်ဆင်ရန် အထောက်အကူပြုကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် JTE(Joint Threat Emitter)စနစ်သည် အဆင့်မြင့်ပြီး တုံ့ပြန်မှုမြန်ဆန်သော လေ့ကျင့်ရေးစနစ်တစ်ခုဖြစ်သည်။ ၎င်းသည် ဂျပန်တပ်မတော်စစ်သည်များအတွက် ရန်သူ့ဒုံးကျည်များနှင့် အမြောက်တပ်ဖွဲ့များ၏ ခြိမ်းခြောက်မှုများကို ခွဲခြားသိမြင်နိုင်ရန်နှင့် ပြန်လည်တုံ့ပြန်ချေမှုန်းနိုင်ရန် လက်တွေ့ကျကျ လေ့ကျင့်ပေးနိုင်သည့် စနစ်ဖြစ်ကြောင်း သိရသည်။

**Japan Teams With Northrop Grumman to Boost Electronic Warfare Capabilities ကို ဘာသာပြန်ဆိုထားပါသည်။**

## ပါကစ္စတန်က အနီအောက်ရောင်ခြည်အပူလှိုင်းများကိုတားဆီးပေးနိုင်သည့် ကိုယ်ပျောက်တဲများကို ထုတ်လုပ်

ပါကစ္စတန်နိုင်ငံသည် အနီအောက်ရောင်ခြည်အပူလှိုင်းများ (Infrared Radiation) ကို တားဆီးပေးနိုင်သည့် PVC အခြေပြုကိုယ်ပျောက်တဲများကို ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဧပြီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

H. Nizam Din & Sons ကုမ္ပဏီက ထုတ်လုပ်သောဤတဲများသည် ရေဒါစနစ်များ၏ထောက်လှမ်းမှုကို ကန့်သတ်ရန်နှင့် ရန်သူ့ဒရုန်းများ၏စကင်ဖတ်မှုကို ခံနိုင်ရည်ရှိစေရန် အထူးဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းတို့ကို အထူးစီမံထားသော PVC ပစ္စည်းများနှင့် ကြိမ်နှုန်းမြင့် ဂဟေဆက်အထည်များဖြင့် ပြုလုပ်ထားကြောင်း သိရသည်။

ဤတဲများသည် ခိုင်ခံ့မှုရှိသဖြင့် ကွပ်ကဲမှုဗဟိုဌာနများ၊ စစ်ဆင်ရေးခန်းမများ သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းများနှင့် အခြားအရေးကြီးသော စစ်အသုံးအဆောင်ပစ္စည်းများ သိုလှောင်ရန်အတွက် အသုံးပြုနိုင်သည်။

မီးလောင်မှုကိုလည်း ခံနိုင်ရည်ရှိပြီး ပြင်ပကိုယ်ထည်ဖရိန်စနစ်ကို အသုံးပြုထားသဖြင့် စစ်မြေပြင်ကဲ့သို့ အချိန်နှင့်တစ်ပြေးညီလှုပ်ရှားရသော ပတ်ဝန်းကျင်များတွင် လျင်မြန်စွာတပ်ဆင်နိုင်ကြောင်း ထုတ်လုပ်သူများကဆိုသည်။

ပါကစ္စတန်နိုင်ငံ၏ စစ်ဘက်သုံးအထည်အလိပ် ထုတ်လုပ်မှုသမိုင်းကြောင်းနှင့် အတွေ့အကြုံများကြောင့် ဤကိုယ်ပျောက်တဲစနစ်အပေါ် နိုင်ငံတကာ လက်နက်ဝယ်ယူရေးအဖွဲ့အစည်းများက စိတ်ဝင်စားမှုမြင့်တက်လျက်ရှိကြောင်း သိရသည်။

ယနေ့ခေတ် စစ်မြေပြင်သည် ပြောင်းလဲသွားပြီဖြစ်ပြီး ဒရုန်းများဖြင့် ထောက်လှမ်းခြင်းနှင့် ဝေဟင်မှစဉ်ဆက်မပြတ်ကင်းထောက်နေသည့် ခေတ်ကာလတွင် စစ်မြေပြင်အမိုးအကာများ၏လိုအပ်ချက်သည်လည်း တိုးတက်ပြောင်းလဲလာရမည်ဖြစ်သည်။

အဆိုပါ ကိုယ်ပျောက်တဲများကို ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ ကျင်းပခဲ့သော Techtextil 2026 ပြပွဲတွင် လူဦးရေအများအပြားရှေ့၌ပြသခဲ့သည်။ ဤပြပွဲတွင် ပါကစ္စတန်နိုင်ငံ၏ပါဝင်မှုသည် သမားရိုးကျ ဝွမ်းထည်ထုတ်ကုန်များအဆင့်မှ ကာကွယ်ရေးကဏ္ဍအတွက် အဆင့်မြင့်နည်းပညာသုံး အထည်အလိပ်ပစ္စည်းများ ထုတ်လုပ်သည့်အဆင့်သို့ အောင်မြင်စွာ ကူးပြောင်းလာနိုင်ခြင်းကို မီးမောင်းထိုးပြနေသည်။

ပါကစ္စတန်နိုင်ငံထုတ် သမားရိုးကျ ကိုယ်ပျောက်တဲများကို ကမ္ဘာတစ်ဝန်းရှိ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့ကြပြီးဖြစ်သည်။ ယခုအခါတွင်မူ အဆင့်မြင့်စစ်ဘက်သုံး ကိုယ်ပျောက်တဲများအပေါ် မဟာမိတ်နိုင်ငံများကြား ဝယ်ယူလိုသည့်အလားအလာနှင့် လိုအပ်ချက်များ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။



ပါကစ္စတန်နိုင်ငံ၏ဤတီထွင်မှုသည် ခေတ်သစ်စစ်ပွဲများတွင် ပုံဖျက်/ဖုံးကွယ်ခြင်းသည် ရှင်သန်ခြင်းပင်ဖြစ်သည် ဆိုသည့်အချက်ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ ယခင်ကကိုယ်ပျောက်တဲများကို ရာသီဥတုဒဏ်ကာကွယ်ရန်အတွက်သာ အဓိကထားအသုံးပြုခဲ့ကြပြီး ယခုအခါတွင်မူ ဒရုန်းများ၏အပူလှိုင်းဖမ်းစနစ်များအောက်မှ လွတ်မြောက်နိုင်စွမ်းသည် စစ်ဆင်ရေးအောင်မြင်မှုအတွက် အဆုံးအဖြတ်ဖြစ်လာသည်။ ဤ PVC အခြေပြု ကိုယ်ပျောက်တဲများသည် စစ်သည်များ၏ လုံခြုံရေးကိုသာမက စျေးကြီးပြီးထိခိုက်လွယ်သည့် ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပစ္စည်းများကိုလည်း ရန်သူ့မျက်စိအောက်မှ ဖုံးကွယ်ပေးထားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဤနည်းပညာသည် ကုန်ကျစရိတ်နည်းပါးသော်လည်း မဟာဗျူဟာမြောက်ထိရောက်မှုမြင့်မားသည့် တုံ့ပြန်မှုနည်းဗျူဟာတစ်ခုအဖြစ် ကမ္ဘာ့စစ်ရေးကျွမ်းကျင်သူများကြား ရှုမြင်ခံနေရကြောင်းသိရသည်။

**Pakistan's Infrared–Blocking Tents Aim to Redefine Battlefield Concealment ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# An auspicious ceremony to commemorate the 70th anniversary of the successful organizing of the Sixth Buddhist Council of the Republic of Union of Myanmar held, attended by President U Min Aung Hlaing and wife, Daw Kyu Kyu Hla


President U Min Aung Hlaing and wife, Daw Kyu Kyu Hla, and the congregation share the merits gained.

**Nay Pyi Taw April 30**

An auspicious ceremony to commemorate the 70th anniversary of the successful organizing of the Sixth Buddhist Council of the Republic of Union of Myanmar took place at Maha Pasana Cave Ordination Hall on Thiri Mingala Kaba Aye hillock, Yangon, this morning, attended by President U Min Aung Hlaing and wife, Daw Kyu Kyu Hla.

Present at the ceremony were State Ovadacariya Sayadaws, SSMNC member Sayadaws, Pitaka examination winner Sayadaws, foreign Sayadaws led by Sangha Rajas of foreign countries, Pitaka expert Sayadaws, Pariyatta and Paripatti Sayadaws led by Chairman of State Sangha Maha Nayaka Committee (SSMNC) Thanlyin Minkyaung Monastery Sayadaw Abhidhaja Maha Rattha Guru Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, and State Ovadacariya Sangha Raja of Shwekyin Nikaya Chancellor of Sitagu World Buddhist Academies Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Sayadaw Dr Bhaddanta Nyanissara. The President and wife were accompanied by Speaker of Pyithu Hluttaw U Khin Yin and wife, Speaker of Amyotha Hluttaw U Aung Lin Dway and wife, Commander-in-Chief of Defence Services General Ye Win Oo and wife, union ministers and wives, the Yangon Region chief minister and wife, senior military officers from Office of the Commander-in-Chief and wives, heads of foreign missions in Myanmar, military attaches, officials, deputy ministers, honoured guests and officials.

The first part of the ceremony opened, and the congregation conveyed the Three Pitaka on a white elephant round the Maha Pasana Cave Ordination Hall clockwise.

**Ceremony to unveil the stone inscription pillar marking the 70th anniversary of the successful organizing of the Sixth Buddhist Council**

The ceremony was opened with recitation of namotasa three times. The President unveiled the pillar by pushing a button. The President and wife sprinkled scented water on it.

The President and wife and attendees accompanied the white elephant in entering the Cave, took positions and paid respects to Sayadaws arriving at the Cave.

The SSMNC Chairman Sayadaw lighted the candle marking the ceremony.

**Auspicious ceremony to commemorate the 70th anniversary of the successful organizing of the Sixth Buddhist Council**

The ceremony was opened by reciting namotassa three times. Afterward, 108 bells surrounding the Cave were rung simultaneously.


The Sayadaws, the President and attendees watched a video clip on the history of the Six Buddhist Council.

The President and wife and the congregation received Nine Precepts from the SSMNC Chairman Sayadaw. Sayadaws recited parittas.

The SSMNC Chairman Sayadaw delivered the saraniyakahta and Sitagu Sayadaw, the sammodanikahta.

Tipitaka Dhara Dhamma Bantagarika Sayadaw Bhaddanta Vayamindabhivamsa and Tipitaka Dhara Dhamma Bantagarika Sayadaw Bhaddanta Pannyavamsa Bhidvamsa held a question-and-answer session in memory and honour of the Sayadaws who took part in the Sixth Buddhist Council, followed by religious chanting of the Sayadaws.

President U Min Aung Hlaing supplicated religious matters. The President said his heart was overflowed with the desire to do merits for having the opportunity to pay respects to State Ovadacariya Sayadaws, SSMNC member Sayadaws, Pitaka examination winner Sayadaws, foreign Sayadaws, Pitaka expert Sayadaws, Pariyatta and Paripatti Sayadaws, who attended the ceremony. He also expressed immense pleasure for the opportunity to attend this ceremony and do religious services during the term of the current administration.


President U Min Aung Hlaing and wife, Daw Kyu Kyu Hla, offer alms to Chairman of the SSMNC Thanlyin Minkyaung Sayadaw.

The President said it is learnt that the Buddhist Council means reciting the religious verses in unity and keeping them in records. From the time He became Samma Sambuddha till His attainment of Nivana, the Buddha preached summons for 45 years for the flourishing of Dhamma and relinquishing Adhamma among all beings in this world.

The Dhamma delivered by the Buddha faced insult and attack of some persons within, after He attained Nivana. Seeing this situation, Ashin Maha Kassapa, one of the principal disciples of Buddha, urged members of the Sangha to purify the Viniya at a council before the advent of the Adhamma, the Dhamma was prohibited, the persons who embraced Adhamma became strong, and Dhamma became weak.

The Lord Buddha attained Buddhahood as a Fully Enlightened Sammāsambuddha and for 45 vassa guided, taught, and liberated all beings who were worthy of liberation. At the age of 80, the Buddha entered Mahaparinibbana. Three months and four days later, on the 5th waxing day of the month of Wagaung, the First Buddhist Council (First Synod) was convened under the leadership of the Venerable Mahākassapa Thera, together with 500 Arahats, near the Great Cave on the slope of Mount Vebhara in Rajagaha, Magadha, India.

It is recorded that 100 years after the Parinibbana of the Lord Buddha, the Second Buddhist Council was held at the Valikārāma monastery in the city of Vesali, India, with 700 Arahats led by the Venerable Mahāyasa Thera. Furthermore, 235 years after the Buddha's Parinibbana, the Third Buddhist Council was convened in the city of Pataliputta, India, with 1,000 Arahats led by the Venerable Mahāmoggaliputta Tissa Thera.

*See Page 13*



President U Min Aung Hlaing and wife, Daw Kyu Kyu Hla, sprinkle scented water on the stone inscription.

*From Page 12*

In addition, 450 years after the Parinibbana of the Buddha, the Fourth Buddhist Council was held in Sri Lanka at the Aloka Cave in the Matula-Malaya region, where 500 Arahats led by the Venerable Mahādhammarakkhita Thera compiled the teachings into written form on palm leaves.

In 2415 Religious Era and 1218 Myanmar Era, a total of 2,400 members of the Sangha led by Sayadaw Bhaddanta Jagara Bhivamsa of Dekkhinayama Phayagyi Monastery held the fifth Buddhist Council at the ground royal hall of Mandalay Royal Palace with the assistance of King Mindon. They then put the Pitakat as stone inscription. Although this Council was conducted approximately 2,000 years later, it is a matter of pride and joy for Myanmar.

The sixth Buddhist Council was held with participation of 2,500 members of the Sangha led by Nyaungyan Sayadaw of Mogaung Monastery from Mandalay from the full moon of Kason in 2498 RE and 1316 ME to the full moon of Kason in 2500 RE and 1318 ME. And it turns 70 years.

Kaba Aye Hill where the sixth Buddhist Council was convened was located on 168.157 acres of land in Yeku Ywama Ward of Thamaing Township, Insein District, in the past. Thiri Mingala Kaba Aye Pagoda was built on the land in 1950, and Maha Pasana Cave, four halls, a three-storey refectory, the maha ordination hall, the Pitaka press and the Buddha Sasana Sangha Hospital in 1953. Moreover, the Pitakat Chamber was constructed there in 1954.

After conducting the preparations, the gala opening ceremony of the Sixth Buddhist Council was held three days from 18 to 20 May 1954. Nyaungyan Sayadaw served as the Chairman of the Sangha Maha Nayaka of the Working Committee and Bagaya Sayadaw as the Secretary. The Sixth Buddhist Council was organized by President Dr U Ba Oo and sponsored by Chair of the State Buddhist Sasana Organization Sir U Thwin.

The ceremony was attended by President Dr U Ba Oo, Prime Minister U Nu, Attorney-General U Chan Tun, Minister for National Planning and Religious Affairs U Win, Chair of State Buddhist Sasana Organization Sir U Thwin and Vice-Chair U Theim Maung who supplicated religious affairs and read the papers of appreciation.

In addition, it is also known with great joy that kings, prime ministers, ministers, and government representatives, as well as individual delegates and Buddhist representatives from foreign countries such as Thailand, Sri Lanka, Cambodia, Laos, India, Nepal, Japan, and the United Kingdom, along with senior monastic leaders from various monastic orders, sent congratulatory messages, attended the ceremony, and participated in the proceedings of the Buddhist Council.

The Buddhist Council edicting the Tri Pitakat treatises lasted for two years from the first session of coordination, serutiny and approval in 1954 to the fifth in 1965.

These Pali texts were edited and approved in the five sessions, and Atthakatha treatises in the four sessions from 1956 to 1959, and Tika treatises from 1960 to 1962 along the Buddhist Council.

As such, the Maha Pasana Cave and ordination hall where the Sixth Buddhist Council was held on a grand scale, four great halls such as Uttarakuru, the Maha ordination hall, the trhee-storey refectory, the Pitakat press, the Pitakat chamber, the Paha Nayaka Hall, and the Wizayamingala Dhamma Thinbin Hall were renovated in original state with expanded construction before holding the ceremony to mark the 70th Anniversary of the Sixth Buddhist Council.

The Sixth Buddhist Council texts were compiled under the guidance of the State Sangha Maha Nayaka Committee member Sayadaws. The group led by the Most Venerable Shwethuwun Sayadaw Bhaddanta Saddhiya prepared the computer-based edition of the Tipiṭaka in Pali, while another group led by the Rector of the International Theravāda Buddhist Missionary University in Yangon, the Most Venerable DrBhaddanta Silanandā Bhivaṃsa, prepared the Tipiṭaka in Pali and Roman script versions. These texts were then inscribed and carved on stone and dedicated within the precinct of the Maravijaya Buddha Park in Nay Pyi Taw. During this process, the Vinaya Piṭaka, SuttantaPiṭaka, and Abhidhamma Piṭaka were enshrined in the form of 720 stone stupas, using Myanmar script, Pali, and Roman script. Each stupa contains inscriptions on both sides—one side in Myanmar script Pali and the other in Roman script Pali—resulting in a total of 1,440 engraved stone inscription panels.

An auspicious ceremony to hoist golden umbrellas atop the stone inscription stupas was held at the national level on a grand scale together with the consecration ceremony of the Mara Vijara Buddha Image on the second full moon day of Waso in 1385 M.E. or 1 August, 2023.

Moreover, it can be said that publishing international-standard books of the version of stone inscriptions and documenting them in mobile tablets through digital systems amounted to setting the historical record for the success of the fifth and sixth Buddhist synods in Myanmar and honouring the noble Pariyatti Sasana.

Moreover, I would like to share the meritorious information that efforts were made to reprint the main tasks of the synods or Pitika canons including Pali versions, Atthakatha and Gika in lead letters in computer versions. At present, complete sets of 51 volumes of Atthakatha have been published and are being donated to executive Sayadaw and Buddhist learning institutions.

If Pariyatti and Paripatti executive Sayadaws, who have been consistently exerting efforts for promotion and propagation of Theravada Buddha Sasana, support the State and the people through Dhamma or Dhammanuggaha and the State and the people support Sayadaws through offering four donation items including meals, robes, monasteries and medicines or Paccayanuggaha in other words, if religious leaders and followers make concerted efforts, it is sure that Theravada Buddhism will propagate as long as the world exists and flourish in other countries.

Then, the President expressed his wish that Sayadaws may be able to perform Sasana and bodily duties comfortably in peace of body and mind and various meritorious deeds including Dhana, Sila and Bhavana may facilitate the access to nirvana so that Theravada Buddhism may brighten the world like the Sun and the Moon.

Afterward, messages of Buddhist institutions hosting more than 1,000 monks including Masoeyein Taikthit Monastery in Sein Pan Ward in Maha Aungmyay Township in Mandalay Region, Maha Ganthayon Monastery in Hsinsweput Ward in Amarapura Township and head of Sharma Nikaya Bhaddanta Pitiye Rahula Thera of Sri Lanka.

Then, the President and wife offered donations to Chairman of the SSMNC Thanlyin Minkyaung Sayadaw.

Afterward, the speaker of the Pyithu Hluttaw and wife, the speaker of the Amyotha Hluttaw and wife and the Commander-in-Chief of Defence Services and wife offered donations to Sitagu Sayadaw, Masoeyein Taikthit Sayadaw and Myo-U Monastery Sayadaw in Tatkon respectively. Union ministers and their wives and senior officers from the Office of the Commander-in-Chief of Defence Services also offered donations to Sayadaws.

Then, the President and wife and congregation shared merits by meditating on Anumodana sermon delivered by Masoeyein Taikthit Sayadaw.

Then, the ceremony commemorating the 70th Anniversary of the Sixth Buddhist Synod concluded with a three-time recitation of Buddha Sasanam Ciram Tithatu.

**Opening ceremony of special exhibition and photo booths commemorating success of 70th Anniversary of Sixth Buddhist Synod**

Then, the opening ceremony of the special exhibition and photo booths marking the success of the Sixth Buddhist Synod and the President inaugurated the exhibition booths by switching on a button at an auspicious time.

Afterward, the union minister for Religious Affairs presented a commemorative gift marking the 70th Anniversary of the success of the Sixth Buddhist Synod to the President.

Then, the President and wife and attendees observed the exhibition booth and the President discussed matters of interest with officials after hearing their reports. 100

# Iran's supreme leader says U.S. to have no place in Gulf's "bright future"

**Tehran April 30**

Iran's Supreme Leader Mojtaba Khamenei said on Thursday that the "bright future" of the Gulf will be one without the U.S. presence and at the service of the progress, comfort, and welfare of the regional nations.

Khamenei made the remarks in a message marking the Persian Gulf National Day, calling the waterway an "unparalleled divine blessing" for Iran and the Muslim states of the region.

He said that Iran shares a common fate with its neighbors in the Gulf and the Gulf of Oman, adding that the foreigners, "who greedily commit malicious actions" in the region, will have no place in it, "except at the bottom of its waters."

Khamenei noted that the victory against the United States in the regional waters, which has been achieved on the back of the resistance front's measures and policies and the strategy of a "strong" Iran, will be the beginning of a new order in the region and the world.

Xinhua

# The message sent by President of the Republic of the Union of Myanmar Agga Maha Thray Sithu Agga Maha Thiri Thudhamma U Min Aung Hlaing to the ceremony to mark the International Workers' Day (1 May 2026)

**Esteemed workers,**

International Workers' Day is a historic and significant occasion that honours the value of labour of workers around the world, including those in Myanmar; a day on which fair and appropriate working hours are recognized; and a milestone in the history of the global labour movement. On this auspicious day, I extend my warm and respectful greetings, wishing all workers across the nation fulfillment of blessings and prosperity, and good health and physical and mental well-being.

International Workers' Day has been commemorated worldwide yearly since 1 May 1890. Myanmar has also held annual ceremonies to recognize and honour the contributions of both blue and white collar workers, and this year marks the 88th such observance.

The development of a country depends on increased productivity and improved service quality. Therefore, the government would first like to respectfully express its recognition and honour for the workforce, which plays a key role in creating high-quality products.

**Esteemed workers,**

Myanmar became a member of the International Labour Organization-ILO on 18 May 1948. From then on, Myanmar has been protecting and uplifting the rights of workers while following the basic principles and provisions of the ILO.

Myanmar has been implementing work plans in line with existing laws to meet international employer and employee standards. In order to support efforts to eliminate forced labour, an ILO liaison officer has been accepted and appointed since 2002.

In Myanmar, cooperation is being carried out with the ILO liaison officer based in the country, and the necessary information and support are being provided to the ILO liaison office. Complaints related to forced labour are being resolved in collaboration with the ILO through a national-level complaints mechanism. In addition, employer and employee organizations are being allowed to be freely formed in accordance with ILO Convention-87, from basic-level groups to township, region/state federations, and up to national-level organizations.

**Esteemed workers,**

Myanmar is among the countries with a large working-age population, and this abundance of employable people constitutes a strong human resource base that is essential for national development and economic growth.

In order to develop human resources, skills training courses are being conducted at seven skills training schools under the Ministry of Labour, 22 accredited workplace-based training centres that have been granted official registration certificates, and 26 training schools recognized by the National Skills Standards Authority (NSSA) of Myanmar.

Young people who successfully complete skills training courses will advance from the level of unskilled labourers to become high-value skilled workers capable of taking practical leadership roles in the workplace, thereby improving their standard of living.

The National Skills Standards Authority (NSSA) issues competency certificates in accord with the standards to the skilled workers. These certificates serve as recognized credentials that support their ability to work both domestically and abroad, and to receive wages commensurate with their skills and qualifications.

Efforts are being made to promote and enhance education in order to nurture a strong human resource base equipped with knowledge and skills. Upon completing at least the KG+9 level in the education system, vocational training is also provided to enable individuals to become skilled in agriculture, livestock breeding, and industrial fields.

The Government is making efforts to effectively deploy the country's natural resources and to enhance agricultural and livestock products through the integration of modern technologies, transforming them into value-added products. It is also promoting domestic micro, small and medium enterprises (MSMEs). In addition, measures are being implemented to increase workers' incomes, create employment opportunities, provide skills training programs to produce skilled workers, attract investments to expand labour-intensive production industries, and support access to overseas employment opportunities. The government is also working to ensure workers receive social security and other benefits, improve occupational safety and health standards, and fairly resolve labour disputes. These efforts are being carried out continuously with the interests of workers in focus.

The rural people amounting to some 70 per cent of the total population of Myanmar are engaging in agriculture and livestock activities. Hence, it is necessary to strive for development of MSME businesses so as to improve socioeconomic life of the people, boost the State economy and manage substitution for import goods through the development of the industrial sector based on agriculture and livestock farming activities.

**Esteemed workers,**

The Government is organizing domestic skills competitions with the aim of developing the skills of the workforce, promoting widespread knowledge of technical and vocational competencies, and ensuring that occupational skill standards can keep pace with international benchmarks. Outstanding young participants who win awards in these competitions are also being prepared and supported to participate in the ASEAN Skills Competition, which is held once every two years.

The Government will conduct basic vocational training programmes for those who have faithfully completed their public military service duties, as well as for individuals who are out of school at the primary, middle, and high school levels. It will also provide opportunities for those who have entered the workforce with incomplete education to continue their studies and return to the formal education pathway. In this regard, arrangements will be made to enable a transition from workplace skills development back into the education system.

Myanmar migrant workers who go abroad for employment are required to live under the laws of the countries where they work, and it is known that some workers face unfair treatment and oppression. Rather than going abroad for work, there are already opportunities for prosperity and development by working within the country, where there is greater security in life. Therefore, instead of seeking employment overseas, I would like to urge that people work within the country so that all citizens can live peacefully and happily under the protection of the State, and relevant ministries and organizations are encouraged to facilitate this.

To ensure safe migration and mobility, Complaint Mechanism Centres have been established in Nay Pyi Taw and Yangon to receive and address the difficulties faced by Myanmar workers employed both domestically and abroad in labour-related matters. In addition, complaints are also received and handled through relevant embassies, agencies, Migrant Workers Resource Centres, media outlets, and social organizations. Labour attachés have been appointed in countries where a large number of Myanmar workers are employed, including the Republic of Korea, Japan, Thailand, and Malaysia, and efforts are made to resolve their difficulties in coordination with the respective host countries.

Workers, who are the country's main productive force, are able to enjoy greater social security and healthcare services. By increasing public trust in the social security system, productivity can be improved, which in turn significantly contributes to the national economy. With this objective, workers' hospitals, social security clinics, departmental clinics, traditional medicine clinics, mobile medical units, as well as contracted clinics have been established to provide healthcare services to insured workers.

Inspections and enforcement are being carried out in accordance with labour laws to ensure that workers are able to work in safe and healthy workplaces, and that they receive fair wages based on their skills and efforts, as well as equal rights in the workplace.

In addition, efforts to eliminate child labour have been carried out through five-year plans since 2019, with the industrial manufacturing sector and the trade and commerce sector designated as priority areas for implementation. School dropouts who enter the workforce prematurely reduce the number of knowledgeable and skilled professionals needed for the country's future. Therefore, it is urged that everyone cooperate and participate in efforts to eliminate child labour.

In conclusion, the role of the workforce remains highly significant in efforts for the development of an industry based on agriculture and livestock to the improvement of the socioeconomic lives of all citizens, including workers, and to enabling people to live in peace and well-being while meeting the basic needs of the public. For this purpose, the Government, employers, and workers are cooperating through a tripartite approach to develop a skilled labour force and to create more employment opportunities. In honour of the International Workers' Day, I send this message, urging that workers contribute actively to the development of the nation and work hand in hand with the Government with energy and dedication.

**Agga Maha Thray Sithu**
**Agga Maha Thiri Thudhamma U Min Aung Hlaing**
**President of the Republic of the Union of Myanmar**

# Tatmadaw columns completely recapture and seize control of Indaw Township and surrounding areas temporarily under the control of terrorist insurgent coalition groups



Military columns recapture Indaw Town, which had been temporarily under the control of terrorist insurgent coalition groups.



Military columns recapture Indaw Town, which had been temporarily under the control of terrorist insurgent coalition groups.



Weapons, ammunition, and related equipment captured from terrorist insurgent coalition groups.



Ammunition, and related equipment captured from terrorist insurgent coalition groups.

**Nay Pyi Taw April 30**

Military columns have today completely recaptured and seized control of Indaw Township and the surrounding areas that had been temporarily under the control of terrorist insurgents.

The NUG-aligned, so-called PDF terrorist insurgent coalition groups, in order to halt administrative mechanisms in towns and villages within the Mandalay and Sagaing Regions, have carried out acts including mining and bombing departmental buildings, hospitals, clinics, factories, and workshops; burning and destroying the homes of local residents; and using religious buildings as temporary defensive positions to conduct terrorist activities. Consequently, local residents have been forced to flee their homes and belongings, abandoning their properties and assets under great duress to seek safety.

Therefore, military columns, having systematically conducted necessary regroupings and fought back with balanced tactics combining firepower and maneuverability with tenacious spirit, have retaken areas temporarily held by terrorist insurgents. News has already been released regarding the recapture of the Mandalay-Madaya-Singu-Thabeikkyin route and Tagaung Town.

Subsequently, with continuous successes, military columns have increased the momentum of their offensive. By combining firepower and maneuvers in a balanced manner to recapture the remaining towns and villages temporarily controlled by terrorist insurgents, they successfully reopened the route connecting Tagaung Town and Htigyaing Town on March 25. Military columns then advanced and cleared areas stage by stage from Htigyaing Town to Katha Town.

After that, in order to recapture Indaw Town temporarily held by the terrorists, military columns prepared necessary regroupings in Katha Town. In line with their duty to protect the lives, homes, and property of the people, they divided their columns and counter-attacked with a balanced combination of firepower and maneuvers. As a result, they recaptured Pinmalut Village on April 24, 2026; Nabar Intersection and Nabar Village on April 29; Kanni Village, Naryagaung Village, Kyain Village, Kyuntaw Village, and Kuseik Village on the morning of today, April 30; and Indaw Town this evening. Today, they have completely recaptured and seized control of Indaw Town and the surrounding areas.

During the 7-day operation to recapture Indaw Town and the surrounding areas, military columns fought fiercely, disregarding their own lives, using their chests as breastworks. A total of 17 major and minor engagements occurred with the terrorist insurgents. They captured 33 enemy bodies, 18 various weapons, and related equipment. Some military personnel nobly sacrificed their lives for the State and the public.

While the terrorist coalition groups were temporarily controlling Indaw Town and its surrounding areas, they built bunkers inside religious buildings, schools, government buildings, hospitals, and residential houses to fire at military columns. They also used the abandoned homes of temporarily displaced local residents as defensive walls to fire from. This forced local residents to abandon their homes and property and flee to areas free from fighting, causing school-aged children to lose their educational opportunities.

Military columns will carry out repairs to residential homes, roads, bridges, and departmental buildings damaged by the terrorist acts of the coalition groups as quickly as possible. They will also prioritize clearing landmines planted by terrorist coalition groups between public roads and buildings. Once schools are repaired as quickly as possible, efforts will be prioritized to enable all school-aged children to resume their studies.

The so-called PDF terrorist insurgents, heeding the instigation and encouragement of the NUG and CRPH, are committing such terrorist acts. These actions severely delay the socio-economic development of the local population residing in those areas. Therefore, the Myawady team urges that if they truly wish to benefit the State and the region, they should contact nearby security camps and surrender. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## ❍ မဟာမင်္ဂလာအခမ်းအနားမှ

ရွှေကျင်နိကာယ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့အမှူးပြုသည့် သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ပိဋကတ်တော်ဆောင် ဆရာတော်ကြီးများ၊ ပြည်ပနိုင်ငံအသီးသီးမှ သံဃရာဇာဆရာတော်ကြီးများအမှူးပြုသော ပြည်ပသံဃာတော်များ၊ ပိဋကတ်အကျော်အမော်ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင်ဆရာတော်၊သံဃာတော်အရှင်သူမြတ်များ စုံစုံညီညီကြွရောက်ချီးမြှင့်တော်မူကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားအစီအစဉ် ပထမပိုင်းကိုစတင်ကျင်းပပြုလုပ်ရာ ပိဋကသုံးပုံကို မင်္ဂလာဆင်ဖြူတော်ရတနာဖြင့် ပင့်ဆောင်၍ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြည်ညိုကြသည်။

### ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ဖွင့်ပွဲ

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ်မော်ကွန်းကျောက်စာတိုင်ဖွင့်ပွဲ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတက မဟာမင်္ဂလာမော်ကွန်းကျောက်စာတော်ကို မင်္ဂလာစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။






နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြစဉ်။

ဆရာတော်ကြီးက သာရဏီယကထာကို မြွက်ကြားတော်မူပြီး သီတဂူဆရာတော်ကြီးက သမ္မောဒနီယကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင် မဟာထေရ်မြတ်တို့ကိုပူဇော်သောအားဖြင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တပညာဝံသာဘိဝံသတို့က ဝိနယပိဋကတ်တော်ကို သင်္ဂါယနာ အမေး၊ အဖြေပြုလုပ်ပြီး သံဃာတော်အရှင်သူမြတ်တို့က စုပေါင်းသံပြိုင်ရွတ်ဆိုပူဇော်ကြသည်။

၎င်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က သာသနာရေးဆိုင်ရာများနှင့်ပတ်သက်၍ လျှောက်ထားတင်ပြရာတွင် သာသနာ့သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာ မဟာ ဓမ္မသဘင်ကြီးအောင်မြင်ပြီးမြောက်ကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်



ဆရာတော်ကြီးများထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြစဉ်။



ပိဋကသုံးပုံကို မင်္ဂလာဆင်ဖြူတော်ရတနာဖြင့် ပင့်ဆောင်၍ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြည်ညိုကြစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က မော်ကွန်းကျောက်စာတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

၎င်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မင်္ဂလာဆင်ဖြူတော်ရတနာဖြင့် ပင့်ဆောင်လာသည့် ပိဋကသုံးပုံကို လိုဏ်ဂူတော်အတွင်းသို့ပင့်ဆောင်ချိန်၌ အတူတကွ လိုက်ပါ၍ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး ဆရာတော်၊သံဃာတော်ကြီးများ ကြွရောက်လာမှုအား ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်ဆီမီးထွန်းညှိပူဇော်သည်။


### ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား

ယင်းနောက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနားကို “နမောတဿ”သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် လိုဏ်ဂူတော်ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးတို့ကိုတစ်ပြိုင်နက် ကိုးချက်ထိုး၍ပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်ကြီးများ၊ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆဋ္ဌသင်္ဂါယနာတင် သမိုင်းဝင်မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ခဲ့ခြင်း နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးသို့ ကြွရောက်တော်မူလာကြသော သက်တော်ရှည်နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ ပိဋကတ်တော်ဆောင်ဆရာတော်ကြီးများ၊ ပြည်ပနိုင်ငံအသီးသီးမှ သံဃရာဇာဆရာတော်ကြီးများ၊ ပိဋကတ်အကျော်အမော်ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင်ဆရာတော်၊သံဃာတော်အရှင်သူမြတ်အပေါင်းတို့ကို စုံစုံညီညီကျန်းမာချမ်းသာ ဖူးမြော်ကြည်ညိုခွင့်ရပါသဖြင့် သဒ္ဒါယိုဖိတ်ကုသိုလ်စိတ်များ အတိုင်းမသိ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဇဓမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သီတဂူဆရာတော်ကြီးထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး နှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်ကုန်းမြို့ဦးကျောင်းတိုက်ဆရာတော်ကြီးထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ပွားများရပါကြောင်း၊ ထို့ပြင် တပည့်တော်တို့ နိုင်ငံတော်အစိုးရသစ် တာဝန်ယူချိန်တွင် ဤသို့သောအခမ်းအနားကြီးနှင့် ကြုံကြိုက်ရပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခွင့်ရရှိခြင်းနှင့် သံဃာ့ဝေယျာဝစ္စများဆောင်ရွက်ခွင့်ရရှိခြင်းတို့အတွက်လည်း အထူးပင် ဂုဏ်ယူဝမ်းမြောက်မိသည်ကို ဦးစွာလျှောက်ထားအပ်ပါကြောင်း။

သင်္ဂါယနာတင်ခြင်းအဓိပ္ပာယ်မှာ ဗုဒ္ဓအဆုံးအမတရားတော်များကို **"အညီအညွတ်စုပေါင်းရွတ်ဆို မှတ်တမ်းတင်ခြင်း"**ဟု တပည့်တော်များမှတ်သားထားမိပါကြောင်း၊ မြတ်စွာဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်ရှိ ပွင့်ထွန်းတော်မူသည်မှ မဟာပရိနိဗ္ဗာန်စံဝင်သည်ထိ ၄၅ ဝါကာလပတ်လုံး မြွက်ဟထုတ်ဖော်ဟောကြားတော်မူခဲ့သည့် တရားတော်များသည် သတ္တဝါတစ်ဦးတစ်ယောက်မှအစ သတ္တဝါအများတို့နေထိုင်ရာ လောကကြီး၌ ဓမ္မတရားထွန်းပရေး၊ အဓမ္မတရားများ ပယ်ရှားနိုင်ရေးအတွက် ဖြစ်ကြောင်း မှတ်သားမိပါကြောင်း။

ဗုဒ္ဓရှင်တော်မြတ် မြွက်ဟထုတ်ဖော်ဟောကြားခဲ့သော တရားတော်များသည် မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံရာကာလတွင်းပင် သာသနာတော်အတွင်းနေ ပုဂ္ဂိုလ်အချို့တို့၏ ထိပါးပုတ်ခတ်ခြင်းခံခဲ့ရပါကြောင်း၊ ထိုအခြေအနေကို သိမြင်တော်မူသောတပည့်ကြီးဖြစ်သည့် အရှင်မဟာကဿပမထေရ်မြတ်ကြီးက ဓမ္မသံဝေဂရတော်မူပြီး **"ငါ့ရှင်တို့ မတရားအဓမ္မဝါဒမထွန်းပမီ၊ တရားဓမ္မတားမြစ်ပိတ်ပင်ခြင်းမခံရမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်အင်အားမကောင်းမီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်အင်အားမနည်းမီ ဓမ္မဝိနယကို သင်္ဂါယနာတင်ကြကုန်စို့"**ဟု တိုက်တွန်းနှိုးဆော်တော်မူခဲ့ပြီး ပထမသင်္ဂါယနာတင်ရန် မိန့်မြွက်တော်မူခဲ့သည်ကို လေ့လာမှတ်သားဖူးပါကြောင်း။

မြတ်စွာဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ရောက်ရှိတော်မူပြီး ကျွတ်ထိုက်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို ၄၅ ဝါကာလပတ်လုံး ဟောဖော်ညွှန်ပြချွေချွတ်တော်မူခဲ့ပါကြောင်း၊ ဘုရားရှင်သက်တော် ၈၀ အရွယ်တွင် မဟာပရိနိဗ္ဗာန်ပြုတော်မူပြီး သုံးလလေးရက်မြောက် ဝါခေါင်လပြည့်ကျော် ၅ ရက်တွင် အိန္ဒိယနိုင်ငံ မဂဓတိုင်း ရာဇဂြိုဟ်မြို့ ဝေဘာရတောင်နံပါး လိုဏ်ဂူတော်ကြီးအနီးတွင် အရှင်မဟာကဿပမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ်ငါးရာတို့ ပထမသင်္ဂါယနာတင်တော်မူခဲ့သည်ကို မှတ်သားရပါကြောင်း။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ် ၁၀၀ အကြာတွင် အိန္ဒိယနိုင်ငံ ဝေသာလီမြို့ ဝါလိကာရုံကျောင်းတိုက်ကြီး၌ အရှင်မဟာယသမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ် ၇၀၀ တို့ဖြင့် ဒုတိယသင်္ဂါယနာကို တင်တော်မူခဲ့ပါကြောင်း၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး ၂၃၅ နှစ်မြောက်တွင် အိန္ဒိယနိုင်ငံ ပါဋလိပုတ်မြို့၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ် ၁၀၀၀ တို့ဖြင့် တတိယသင်္ဂါယနာကို တင်တော်မူခဲ့ကြောင်းနှင့် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ်ပေါင်း ၄၅၀ အကြာတွင် သီရိလင်္ကာနိုင်ငံ မထုလ-မလယဇနပုဒ် အာလောကလိုဏ်ဂူတော်ကြီး၌ အရှင်မဟာဓမ္မရက္ခိတမထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ် ၅၀၀ တို့က စတုတ္ထသင်္ဂါယနာကို ပေထက်အက္ခရာတင်ခဲ့ကြသည်ကို လေ့လာမှတ်သားရပါကြောင်း။

သာသနာတော်နှစ် ၂၄၁၅၊ ကောဇာသက္ကရာဇ် ၁၂၃၈ ခုနှစ်တွင် မိမိတို့ မြန်မာနိုင်ငံ မန္တလေးမြို့ ရွှေနန်းတော်ပြာသာဒ်ဦးမြေနန်းတော်ရှိ ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော်ကြီး ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ်အမှူးပြုသော သမ္မုတိသံဃာတော် ၂၄၀၀ တို့က မင်းတုန်းမင်းတရားကြီး၏ ပစ္စည်းလေးပါး အထောက်အပံ့ကိုခံယူကာ ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့ကြပြီး ကျောက်ထက်အက္ခရာတင်ခဲ့ကြပါကြောင်း၊ နှစ်ပေါင်း ၂၀၀၀ ခန့်လွန်ပြီးမှ ဆောင်ရွက်နိုင်ခဲ့သော သင်္ဂါယနာဖြစ်သော်လည်း မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်း။

သာသနာတော်နှစ် ၂၄၉၈၊ ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)မှစ၍ သာသနာတော်နှစ် ၂၅၀၀၊ ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ထိ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ကြီးအမှူးပြုသော သံဃာတော် ၂၅၀၀တို့က ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့သည်မှာ ယခုအခါ နှစ် ၇၀ ပြည့်မြောက်ပြီဖြစ်ပါကြောင်း။

ဆဋ္ဌသင်္ဂါယနာတင်တော်မူရာ ဤမြေမြတ်မဟာ ကမ္ဘာအေးကုန်းမြေကြီးသည် ယခင်က အင်းစိန်ခရိုင် သမိုင်းမြို့နယ် ရေကူးရွာမရပ်ကွက်အတွင်းရှိ ရော်ဘာခြံကြီးဖြစ်ပြီး စုစုပေါင်းမြေဧရိယာ ၁၆၈ ဒသမ ၁၅၇ ဧကရှိပါကြောင်း၊ ထိုမြေပေါ်၌ ၁၉၅၀ ပြည့်နှစ်တွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ၁၉၅၃ ခုနှစ်တွင် ယခုအခမ်းအနားကျင်းပရာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် ကျောင်းဆောင်ကြီး လေးဆောင်၊ သုံးထပ်ဆွမ်းစားဆောင်၊မဟာသိမ်တော်ကြီး၊ပိဋကတ်ပုံနှိပ်တိုက်၊ ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံတို့ကို တည်ဆောက်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ပိဋကတ်တိုက်ကို တည်ဆောက်ခဲ့သည်ဟု သိရှိရပါကြောင်း။

ထိုသို့ ကြိုတင်ဆောင်ရွက်ဖွယ်လုပ်ငန်းများဆောင်ရွက်ပြီးနောက် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင် ဖွင့်ပွဲအခမ်းအနားကို ၁၉၅၄ ခုနှစ် မေ ၁၈ ရက်မှ ၂၀ ရက်ထိ သုံးရက်တိုင်တိုင်ကျင်းပခဲ့ပြီး ညောင်ရမ်းဆရာတော်ကြီးက ဝန်ဆောင်အဖွဲ့သံဃမဟာနာယကဥက္ကဋ္ဌ၊ ဗားကရာတောရဆရာတော်က အကျိုးတော်ဆောင်အဖြစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆဋ္ဌသင်္ဂါယနာဒါယကာအဖြစ် နိုင်ငံတော်သမ္မတ ဒေါက်တာ ဦးဘဦး၊ ဆဋ္ဌသင်္ဂါယနာပစ္စယာနုဂ္ဂဟအဖြစ် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ သူဌေးကြီး ဆာဦးသွင်တို့က ခံယူခဲ့ကြပါကြောင်း။

နိုင်ငံတော်သမ္မတ ဒေါက်တာဦးဘဦး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ နိုင်ငံတော်ရှေ့နေချုပ် ဦးချန်ထွန်း၊ အမျိုးသားစီမံကိန်းနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ ဆာဦးသွင်၊ ဒုတိယဥက္ကဋ္ဌ ဦးသိမ်းမောင်တို့က အခမ်းအနားတက်ရောက်ပြီး သာသနာရေးဆိုင်ရာများလျှောက်ထားခြင်း၊ ထောမနာစာတမ်းများဖတ်ကြားခြင်းတို့ကိုဆောင်ရွက်ခဲ့သည်ဟု သိရှိရပါကြောင်း။

ထို့ပြင် ပြည်ပနိုင်ငံများဖြစ်သော ထိုင်း၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ လာအို၊ အိန္ဒိယ၊ နီပေါ၊ ဂျပန်နှင့် ဗြိတိန်စသော နိုင်ငံများမှ ဘုရင်မင်းမြတ်များ၊ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ တစ်ဦးချင်းကိုယ်စားလှယ်များ၊ ဗုဒ္ဓဘာသာဆိုင်ရာကိုယ်စားလှယ်များ၊ သံဃာ့ဂိုဏ်းအသီးသီးမှ ဂဏာဓိပတိ၊ ဂဏာစရိယ၊ ဂဏပါမောက္ခ၊ ဂဏနာယကပုဂ္ဂိုလ်များက သဝဏ်လွှာပေးပို့ခြင်း၊ အခမ်းအနားတက်ရောက်ခြင်း၊ သင်္ဂါယနာတင်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းများကို သိရှိရသဖြင့်လည်း လွန်စွာဝမ်းမြောက်မိပါကြောင်း။

ပိဋကသုံးပုံပါဠိတော်ကို သင်္ဂါယနာတင်ရာတွင် ၁၉၅၄ ခုနှစ်၌ ပါဠိတော်ပထမသန္နိပါတ(**စုပေါင်း၊ စုဝေး၊ စိစစ်၊ အတည်ပြုခြင်း**)မှ ၁၉၅၆ ခုနှစ် ပဉ္စမသန္နိပါတ(**စုပေါင်း၊ စုဝေး၊ စိစစ်၊ အတည်ပြုခြင်း**)ထိ နှစ်နှစ်ခန့်ကြာမြင့်ခဲ့ပါကြောင်း။

ပါဠိတော်များကို သန္နိပါတ ငါးတန်ဖြင့် သင်္ဂါယနာတင်တော်မူပြီးနောက် အဋ္ဌကထာများကို ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်ထိ သန္နိပါတ လေးတန်ဖြင့်လည်းကောင်း၊ဋီကာများကို ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်ထိ သန္နိပါတ နှစ်တန်ဖြင့် လည်းကောင်း သင်္ဂါယနာဆက်လက်တင်တော်မူခဲ့သည်ဟု သိရှိရပါကြောင်း။

ထိုသို့ ဆဋ္ဌသင်္ဂါယနာတင်မဟာဓမ္မသဘင်ကြီး ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့သော မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၊ ဥတ္တရကုရုစသော ကျောင်းဆောင်ကြီးလေးဆောင်၊ မဟာသိမ်တော်ကြီး၊ သုံးထပ်ဆွမ်းစားကျောင်းဆောင်၊ ပိဋကတ်ပုံနှိပ်တိုက်၊ ပိဋကတ်ပြတိုက်၊ မဟာနာယကကျောင်းတော်ကြီးနှင့် ဝိဇယမင်္ဂလာဓမ္မသဘင်တို့ကို ယခုဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်မဟာမင်္ဂလာအခမ်းအနားကြီး ကျင်းပခြင်းမပြုမီကြိုတင်၍ ရှေးမူမပျက်ပြင်ဆင်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ဆဋ္ဌသင်္ဂါယနာတင် ပါဠိတော်မူများကို နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ ရွှေသုဝဏ်ဆရာတော်ကြီး ဘဒ္ဒန္တသဒ္ဓိယ ဦးဆောင်သောအဖွဲ့က စီမံထားသောပိဋကသုံးပုံပါဠိတော်ကွန်ပျူတာမူ၊ ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏

စာမျက်နှာ ၁၈ သို့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်ပြခန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၁၇ မှအဆက်

ပထမဆုံးပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ ဦးဆောင်သောအဖွဲ့က စီမံထားသော ပိဋကသုံးပုံပါဠိတော်၊ ရိုမန်အက္ခရာမူတို့ဖြင့် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်း၌ ကျောက်စာရေးထိုး ထွင်းထုပူဇော်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ ထွင်းထုပူဇော်ရာတွင် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋကတို့ကို မြန်မာ၊ ပါဠိ၊ ရိုမန်အက္ခရာတို့ဖြင့် ကျောက်စာရုံစေတီ အဆူ ၇၂၀ တည်ထားခဲ့ပြီး စေတီတစ်ဆူလျှင် မြန်မာအက္ခရာပါဠိတစ်ဖက်၊ ရိုမန်အက္ခရာပါဠိ တစ်ဖက်ဖြင့် ကျောက်စာချပ် ၁၄၄၀ ကို ရေးထွင်းထားခြင်းဖြစ်ပါကြောင်း။

ထိုကျောက်စာရုံစေတီများ ရွှေထီးတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားကို မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် အတူ ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်အဆင့် မဟာမင်္ဂလာ အခမ်းအနားကြီးအဖြစ် ခမ်းနားထည်ဝါစွာဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ကျောက်စာတော်မူများကို နိုင်ငံတကာအဆင့်မီ စာအုပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်ခြင်း၊ Mobile Tablet များတွင်ထည့်သွင်း၍ ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်မှာ မြန်မာနိုင်ငံ၏ ပဉ္စမနှင့် ဆဋ္ဌသင်္ဂါယနာတင်တော်မူခြင်းများ၏ အောင်မြင်မှုကို သမိုင်းမော်ကွန်းထပ်ဆင့်ရေးထိုးနိုင်ခြင်းဖြစ်ပြီး ဗုဒ္ဓမြတ်စွာဘုရား၏ ပရိယတ္တိ သာသနာတော်မြတ်ကြီးကို ချီးမြှောက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်ကို လျှောက်ထားအပ်ပါကြောင်း။

၎င်းအပြင် သင်္ဂါယနာလုပ်ငန်း၏ ပဓာနဖြစ်သော ပိဋကတ်ကျမ်းစာများကို ခဲစာလုံးမူမှ ကွန်ပျူတာမူအဖြစ်သို့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအားလုံးတို့ကို အစုံလိုက်၊အတွဲလိုက် ပြန်လည်ရိုက်နှိပ်နိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ အဋ္ဌကထာ ၅၁ အုပ်ကို အစုံလိုက် ရိုက်နှိပ်ပြီးဖြစ်၍ ပရိယတ္တိဝန်ဆောင် ဆရာတော်အရှင်မြတ်များနှင့် ပရိယတ္တိစာသင်တိုက်ကြီးများသို့ လှူဒါန်းလျက်ရှိသည်ကို သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် လျှောက်ထားအပ်ပါကြောင်း။

ဘုရားတပည့်တော်တို့ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အစဉ်တစိုက်ကြိုးပမ်းအားထုတ်တော်မူကြပါကုန်သော ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင်ဆရာတော်အရှင်သူမြတ်တို့က နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အပေါ် တရားဓမ္မဖြင့် ချီးမြှင့်ထောက်ပံ့ခြင်း ဓမ္မာနုဂ္ဂဟဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က ဆရာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးလှူဒါန်းထောက်ပံ့ခြင်း ပစ္စယာနုဂ္ဂဟဖြင့်လည်းကောင်း၊ဆရာဒကာလက်တွဲညီစွာဆောင်ရွက်သွားပါက ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ကမ္ဘာတည်သရွေ့ သန့်ရှင်းတည်တံ့ပြန့်ပွားကာ ကမ္ဘာ့နိုင်ငံ အသီးသီးသို့တိုင်အောင် ထွန်းကားပြန့်ပွားမည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်ပါကြောင်း။

ဆရာတော်အရှင်သူမြတ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် သာသနာ့ဝန်၊ ခန္ဓာ့ဝန်ကို လွယ်ကူချမ်းသာစွာ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး နေလို၊ လလို ထွန်းလင်း တောက်ပနိုင်ရေးအတွက် ပြုသမျှသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုအစုစုအဖြာဖြာသည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်ပါစေရန် ဆုမွန်ကောင်းတောင်းတော်မူပါကြောင်းဖြင့် လျှောက်ထားတင်ပြသည်။

ယင်းနောက် သံဃာအပါး ၁၀၀၀ နှင့်အထက် ပရိယတ္တိစာသင်တိုက်ကြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် မစိုးရိမ်တိုက်သစ်၏ သဝဏ်လွှာ၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက်၏ သဝဏ်လွှာ၊သီရိလင်္ကာနိုင်ငံ သျှာမနိကာယကောတေချပ်ပတာ အနုနာယက ဘဒ္ဒန္တကောဋ္ဌပိတိယေရာဟုလာထေရ်တို့၏သဝဏ်လွှာများကို ဆရာတော်ကြီးများက အသီးသီးဖတ်ကြားတော်မူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့က သီတဂူဆရာတော်ကြီးထံသို့လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးတို့က မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံသို့ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က တပ်ကုန်းမြို့ဦးကျောင်းတိုက်ဆရာတော်ကြီးထံသို့လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက ဆရာတော်၊သံဃာတော်အရှင်သူမြတ်များထံသို့လည်းကောင်း လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှအနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် အထူးပြပွဲ၊ ဓာတ်ပုံပြခန်းများ ဖွင့်ပွဲမင်္ဂလာအခမ်းအနား

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အထူးပြပွဲ၊ ဓာတ်ပုံပြခန်းများ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပြုလုပ်ရာ မင်္ဂလာအချိန်တွင် နိုင်ငံတော်သမ္မတက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်ပြခန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှေ့ဖုံးမှအဆက်

ချစ်ခင်လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

၁၈၉၀ ပြည့်နှစ် မေ ၁ ရက်မှစ၍ ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားများကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကာယ၊ ဉာဏအလုပ်သမားကြီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် အခမ်းအနားများကျင်းပခဲ့ရာ ၈၈ ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှုအရည်အသွေးတိုးတက်မြင့်မားမှုတို့အပေါ် တည်မှီလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်ရာတွင် အဓိကကျသော အလုပ်သမားအင်အားထုကြီးကို လေးစားစွာဂုဏ်ပြုပါကြောင်း ဦးစွာပထမ ဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် မေ ၁၈ ရက်မှစ၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO)တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာသည်နှင့်အညီ ILO ၏ အခြေခံမူဝါဒများ၊ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာလျက်ရှိပြီး အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအလုပ်ရှင်နှင့် အလုပ်သမားရေးရာစံနှုန်းများကို တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အစမ္ပိုင်းစေမှုပပျောက်ရေးလုပ်ငန်းများတွင် အထောက်အကူပေးနိုင်ရန်အတွက် ၂၀၀၂ ခုနှစ်မှစ၍ ILO ဆက်သွယ်ရေးအရာရှိတစ်ဦး လက်ခံခန့်ထားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ရုံးစိုက်အခြေပြုနေထိုင်သော ILO ဆက်သွယ်ရေးအရာရှိနှင့်ထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်ခြင်း၊ILO ဆက်သွယ်ရေးအရာရှိရုံးမှ လိုအပ်သည့် အချက်အလက်နှင့် လုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊ အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို ILO နှင့် ပူးပေါင်း၍ အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရားဖြင့် ဖြေရှင်းပေးခြင်း၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို ILO ၏ Convention-87 နှင့်အညီ အခြေခံ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာရေးရာအဖွဲ့များအထိ အဆင့်ဆင့်လွတ်လပ်စွာဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား**

မြန်မာနိုင်ငံသည် အလုပ်လုပ်နိုင်သည့် လူဦးရေအများဆုံးနိုင်ငံများထဲ၌ ပါဝင်လျက်ရှိပြီး အလုပ်လုပ်နိုင်သူ လူဦးရေပေါများခြင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးတို့အတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်အခြေခံကောင်းများကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ခုနစ်ကျောင်း၊ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လုပ်ငန်းခွင်အခြေပြု လေ့ကျင့်သင်ကြားပေးသော သင်တန်းကျောင်း ၂၂ ကျောင်း၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) အသိအမှတ်ပြုသင်တန်းကျောင်း ၂၆ ကျောင်းတို့တွင် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

ကျွမ်းကျင်မှုသင်တန်းများ အောင်မြင်ပြီးမြောက်သွားသည့် လူငယ်များသည် မူလသာမန်လုပ်သား(Unskilled Labours)အဆင့်မှ လုပ်ငန်းခွင်တွင် လက်တွေ့ကျကျဦးဆောင်နိုင်စွမ်းရှိသည့် တန်ဖိုးမြင့်ကျွမ်းကျင်လုပ်သား (Skilled Labours)များအဖြစ် ဘဝအဆင့်အတန်းမြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။

အဆိုပါကျွမ်းကျင်လုပ်သားများကို အမျိုးသားအဆင့်ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိပါသည်။ ယင်းလက်မှတ်များသည် ပြည်တွင်းပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရေးနှင့် ကျွမ်းကျင်မှုအရည်အချင်းများနှင့်အညီ လုပ်ခလစာရရှိနိုင်ရေးတို့အတွက် အထောက်အကူပြုသည့် အသိအမှတ်ပြုလက်မှတ်များဖြစ်ပါသည်။

အသိပညာ၊ အတတ်ပညာပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများမွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကို အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ ပညာရေးတွင် အနည်းဆုံးအဆင့် KG+9 ပြီးဆုံးသည်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကျွမ်းကျင်သူများဖြစ်လာစေမည့် အသက်မွေးဝမ်းကျောင်းပညာများကိုလည်း သင်ကြားပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်က ပိုင်ဆိုင်ထားသည့် သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်မြှင့်တင်၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်း၊ ပြည်တွင်းအသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ အလုပ်သမားများ ဝင်ငွေတိုးတက်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ထွန်းစေခြင်း၊ ကျွမ်းကျင်လုပ်သားများရရှိရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ လုပ်အားအခြေပြုကုန်ထုတ်လုပ်ငန်းများ တိုးတက်များပြားလာစေရန် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခြင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားများအတွက် လူမှုဖူလုံရေးအပါအဝင် အခြားအကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ပေးခြင်း၊ အလုပ်သမားရေးရာအငြင်းပွားမှုများအားတရားမျှတစွာဖြေရှင်းပေးခြင်း စသည့် အလုပ်သမားများ၏ အကျိုးစီးပွားကို မျက်ခြည်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်ဖြစ်သော ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်ကြပါသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့်ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးတို့အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME များ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

နိုင်ငံတော်အနေဖြင့် လုပ်သားထုကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်ပညာရပ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံချိန်စံညွှန်းသတ်မှတ်ချက်များကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန်ရည်ရွယ်၍ ပြည်တွင်း၌ ကျွမ်းကျင်မှုပြိုင်ပွဲများကျင်းပပေးလျက်ရှိပါသည်။ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူ လူငယ်လူရွယ်များကို နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပသည့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင်လည်း စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ဖြင့် ကျောင်းပြင်ပရောက်နေသူများအတွက် အခြေခံသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါသည်။ ပညာရေးတစ်ပိုင်းတစ်စဖြင့် လုပ်ငန်းခွင်ရောက်ရှိနေသူများကိုလည်း ပညာသင်ယူမှုအခွင့်အလမ်းများရရှိစေရေးနှင့် ပညာရေးလမ်းကြောင်းပေါ်ပြန်လည်ရောက်ရှိနိုင်ရေးတို့အတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုမှအစပြုပြီး ပညာရေးလမ်းကြောင်းဆီသို့ ကူးပြောင်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့သွားရောက်လုပ်ကိုင်သည့်နိုင်ငံများမှ ဥပဒေအောက်တွင်သာ နေထိုင်ကြရပြီး အချို့အလုပ်သမားများသည် မတရားသဖြင့် ဖိနှိပ်ခံရမှုများရှိသည်ဟုသိရှိရပါသည်။ ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌လုပ်ကိုင်မည်ဆိုပါက ကြီးပွားတိုးတက်နိုင်မည့်အခွင့်အလမ်းများရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြမည့်အစားပြည်တွင်း၌သာ အလုပ်လုပ်ကိုင်ကြပြီး နိုင်ငံသားအားလုံး နိုင်ငံတော်၏ အရိပ်အာဝသအောက်တွင် ပျော်ရွှင်အေးချမ်းစွာဖြင့် နေထိုင်နိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာနေထိုင်မှုဖြစ်စေရေးအတွက် ပြည်တွင်းပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် Complaint Mechanism Center တစ်ခုစီ ဖွင့်လှစ်၍ အလုပ်သမားရေးရာကိစ္စများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာနိုင်ငံ သံရုံးများ၊ အေဂျင်စီများ၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန(Migrant Workers Resource Center)များ၊ သတင်းမီဒီယာများ၊ လူမှုရေးအဖွဲ့အစည်းများမှတစ်ဆင့် တိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာအလုပ်သမားအများစု သွားရောက်လုပ်ကိုင်နေကြသည့် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများထား၍ ၎င်းတို့၏ အခက်အခဲများကို သက်ဆိုင်ရာနိုင်ငံနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားကြီးများသည် လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိခံစားနိုင်ပြီး လူမှုဖူလုံရေးစနစ်အပေါ် ပြည်သူများ ယုံကြည်ကိုးစားမှုပိုမိုတိုးပွားလာစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့သောရည်ရွယ်ချက်ဖြင့် အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများ၊ ဌာနကြီးဆေးခန်းများ၊ တိုင်းရင်းဆေးခန်းနှင့် ရွေ့လျားဆေးကုသယာဉ်များအပြင် စာချုပ်ဆေးခန်းများဖွင့်လှစ်ပြီး အာမခံအလုပ်သမားများကို ကျန်းမာရေးဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် အလုပ်သမားကြီးများအပါအဝင် နိုင်ငံသားအားလုံး၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် နေထိုင်နိုင်ရေး၊ ပြည်သူလူထု၏ အဓိကအခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးတို့တွင် အလုပ်သမားထုကြီး၏အခန်းကဏ္ဍမှာ မြင့်မားစွာပါဝင်လျက်ရှိ...**

အလုပ်သမားများဘေးကင်းလုံခြုံ၍ ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နိုင်ခွင့်၊ ကျွမ်းကျင်မှုနှင့် ကြိုးစားအားထုတ်မှုတို့အပေါ်မူတည်၍ သင့်တင့်မျှတသော လုပ်ခလစာနှင့် လုပ်ငန်းခွင်တွင် တန်းတူညီမျှခွင့်စသည့်အခွင့်အရေးများရရှိရန် အလုပ်သမားဥပဒေများနှင့်အညီ စစ်ဆေးစည်းကြပ်ပေးလျက်ရှိပါသည်။

ထို့ပြင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း ၂၀၁၉ ခုနှစ်မှစ၍ ငါးနှစ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိရာ စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့ကို ဦးစားပေးနယ်ပယ်အဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အရွယ်မတိုင်မီ ကျောင်းထွက်၍ အလုပ်လုပ်ကိုင်ကြခြင်းမှာ နိုင်ငံအနာဂတ်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ လျော့နည်းစေပါသဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါသည်။

နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် အလုပ်သမားကြီးများအပါအဝင် နိုင်ငံသားအားလုံး၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာဖြင့် နေထိုင်နိုင်ရေး၊ ပြည်သူလူထု၏ အဓိကအခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးတို့တွင် အလုပ်သမားထုကြီး၏ အခန်းကဏ္ဍမှာ မြင့်မားစွာပါဝင်လျက်ရှိပါသည်။ ထို့အတွက် အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုဖန်တီးပေးနိုင်ရေးတို့ကို အစိုးရ၊အလုပ်ရှင်၊အလုပ်သမား သုံးပွင့်ဆိုင် ပူပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အလုပ်သမားကြီးများကလည်း တက်ကြွသည့်အားမာန်များဖြင့် နိုင်ငံကို အလှဆင်ပေးနိုင်ကြပါစေကြောင်းနှင့် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အကျဉ်းသား၊ အကျဉ်းသူများကို လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၅၀/ ၂၀၂၆**
၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကိုနားလည်စေရန် ရေးရှုသောအားဖြင့်လည်းကောင်း ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့ (ခရစ်နှစ် ၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အကျဉ်းသား၊ အကျဉ်းသူ ၁၅၀၈ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၅၁/၂၀၂၆**
၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင်ကျရောက်သည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၁၅၀၈ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသားအကျဉ်းသား၊အကျဉ်းသူ ၁၁ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၅၂/၂၀၂၆**
၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသားအကျဉ်းသား၊အကျဉ်းသူ ၁၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒေါ်အောင်ဆန်းစုကြည်၏ ပြစ်ဒဏ်ကျခံရသည့်နေရာကို ပြောင်းလဲသတ်မှတ်ပေး

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ် အားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်က မေတ္တာ၊ စေတနာ ထားသောအားဖြင့်လည်းကောင်း နေပြည်တော် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၁၊ ပုဒ်မခွဲ(၁)အရ ၎င်းကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များကို သတ်မှတ်ထားသည့် နေအိမ်၌ ဆက်လက်ကျခံစေရန် ပြောင်းလဲသတ်မှတ် ပေးလိုက်ကြောင်း သိရသည်။ (၅၀၁)



ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ တွေ့ဆုံစဉ်။

## လယ်ယာကဏ္ဍအပါအဝင် စက်သုံးဆီများအဆင်ပြေချောမွေ့စွာ တင်သွင်းဖြန့်ဖြူးလျက်ရှိနေမှုအခြေအနေကို သတင်းထုတ်ပြန်




**နေပြည်တော် ဧပြီ ၃၀**

အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်နေသော်လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီ ခြိုးခြံချွေတာရေးအတွက် နိုင်ငံတော်ကထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ စက်သုံးဆီ စနစ်တကျသုံးစွဲနိုင်ရေး၊ ချွေတာသုံးစွဲနိုင်ရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာ အခြေပြု၍ စီမံကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးကြီးကဏ္ဍဖြစ်သော လယ်ယာလုပ်ငန်းသုံး ဒီဇယ်ဆီ ပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရေးနှင့် ထွန်ယက်စိုက်ပျိုးသောလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းထုတ် ဒီဇယ်ဆီများကို တစ်ဂါလန်လျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့် တောင်သူများထံသို့ လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် နွေစပါးမြေပြုပြင်ရန် ကျန်ရှိသော ၄၆၈၈၇ ဧကအတွက် အသုံးပြုရန် လိုအပ်သည့် ဒီဇယ်ဆီကို တောင်သူလယ်သမားများ ထံသို့ တိုက်ရိုက်ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းအတွက် လိုအပ်သည့် စက်သုံးဆီများကိုလည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တောင်သူများသို့ ဖြန့်ဖြူးပေးနိုင်ရေး ပြင်ဆင်ထားပြီးဖြစ်ပါသည်။ တောင်သူများအနေဖြင့် စက်မောင်းဆီများကို လိုအပ်သည့်အချိန်တွင် လိုအပ်သောပမာဏအတိုင်း ဝယ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် စနစ်တကျစာရင်းရေးသွင်းရောင်းချနိုင်ရေးကိုလည်း စီမံဆောင်ရွက်ထားရှိပါသည်။


ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း များစွာမြင့်တက်သွားခြင်းမရှိစေရေးအတွက် နိုင်ငံတော်အစိုးရက ကြပ်မတ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အတွင်း စက်သုံးဆီဖူလုံမှုအနေဖြင့် ရက် ၆၀ စာ လုံလောက်မှုရှိပါသည်။ စက်သုံးဆီ ဝယ်ယူသုံးစွဲသူများအနေဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူသိုလှောင်ခြင်းမပြုဘဲ လိုအပ်သည့်အချိန်တွင် လိုအပ်သည့်ပမာဏကိုသာ ဝယ်ယူသုံးစွဲခြင်းဖြင့် ကဏ္ဍအလိုက်အသုံးပြုမှုကို ထိရောက်စွာစီမံခန့်ခွဲနိုင်မည်ဖြစ်ပါသည်။

စက်သုံးဆီဖြန့်ဖြူးနေမှု တည်ငြိမ်သည့်အခြေအနေသို့ ရောက်ရှိလာမှုအပေါ် ပျက်ပြားစေရန် ရည်ရွယ်၍ ကောလာဟလ မဟုတ်မမှန်သတင်းများ ပြည်ပမီဒီယာများသို့ ပေးပို့နေသူများရှိခြင်းနှင့် ပြည်ပမီဒီယာအချို့မှ ပြည်သူများထင်ယောင်ထင်မှားဖြစ်စေရန် မမှန်ကန်သည့်ဓာတ်ပုံများ၊ သတင်းများ ထုတ်လွှင့်ဖြန့်ဝေခြင်းများ ရှိနေသော်လည်း ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် လက်ရှိအခြေအနေတွင် စက်သုံးဆီအရောင်းဆိုင်များ၌ စက်သုံးဆီဖြန့်ဖြူးမှုမှာတည်ငြိမ်၍ ပုံမှန်အခြေအနေတွင်ရှိနေသည်ကို တွေ့ရှိရပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများကို ပြည်သူများအားလုံး ညီတူညီမျှ လုံလောက်စွာ သုံးစွဲနိုင်စေရေး အစဉ်တစိုက်စီမံဆောင်ရွက်နေမှုအပေါ် ယခုကဲ့သို့ ပြည်သူများ၏ အလေးအနက်ထား ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ကျေးဇူးအထူးတင်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# ၁၃၈၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနား နေပြည်တော် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၌ ဆင်ယင်ကျင်းပ





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရိကဉ္စနာဘိဝံသထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် ဧပြီ ၃၀**

၁၃၈၈ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနားကို ယနေ့ ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်မာရဝိဇယဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၌ ဆင်ယင်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရိကဉ္စနာဘိဝံသ ကြွရောက်ချီးမြှင့်တော်မူပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များနှင့် တရားနာဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရိကဉ္စနာဘိဝံသထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာနာယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက ဓမ္မပူဇာအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူသည်။

ယင်းနောက် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ **ကျောဖုံးမှအဆက်**

ဦးစွာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားကို ကျင်းပရာ “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး အခမ်းအနားမှူးက မဟာဗောဓိ ရုက္ခသိဉ္စန ပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများသည် သတ်မှတ်ထားသည့် နေရာများအလိုက်နေရာယူကြပြီး မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ ဆက်လက်၍ မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်တော်မူကြပြီး မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ်လှည့်လည် ပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းအား ဖတ်ကြားပြီး ကုသိုလ်အမျှပေးဝေကြကာ “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတများနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဂန္ဓကုဋိတိုက်တော်များ၊ ကျောက်စာရုံစေတီ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား စသည့် ဘုရား၊ကျောင်း၊ကန်၊သာသနိကအဆောက်အအုံများကို လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ကဆုန်လပြည့် (ဗုဒ္ဓနေ့)သရုပ်ပြယာဉ်များကို လှည့်လည်ကြည့်ရှုကြသည်။

ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကို ကဆုန်လပြည့်မာရ်အောင်နေ့ဟူ၍ ခေါ်စမှတ်ပြုကြပြီး ကဆုန်လပြည့်နေ့ရောက်တိုင်း ဘုရားအလောင်းဖွားမြင်သည့်အချိန်နှင့် တစ်ချိန်တည်း ဖြစ်တည်ရှင်သန်လာသည့် မူလမဟာဗောဓိပင်၏ ပင်ပွားဗောဓိပင်များကို မညှိုးနွမ်းစိမ်းလန်းရှင်သန်စေရန် ဟူသော ဆန္ဒမွန်ဖြင့် ပရိဘောဂစေတီ ထိုက်သော ဗောဓိညောင်ပင်ကို သက်တော်ထင်ရှားမြတ်စွာဘုရား၏ မာရ်ငါးပါးကို အောင်မြင်တော်မူမှု အာရုံပြုရည်မှန်း၍ ညောင်ရေသွန်းဖျန်းလှူဒါန်း ပူဇော်ခြင်းအမှုကို ပြုလုပ်ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲစီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများတွင် တရားမဝင်အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၀-၄-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင် ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးတို့ ၁၃၈၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီးဒေါ်စမ်းစမ်းအေးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရိကဥ္စနာဘိဝံသထံ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်တို့အား ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီးဒေါ်စမ်းစမ်းအေးတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် မေ ၃၀**

၁၃၈၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးတို့ တက်ရောက်၍ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရိကဥ္စနာဘိဝံသတို့ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ဒုတိယသမ္မတ ဦးညိုစောက အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက်အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးအားလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော်ကြီးအားလည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရိကဥ္စနာဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနား ဒုတိယပိုင်းနှင့် ဓမ္မသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၃၀**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ဒုတိယပိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မဟာပါသာဏလိုဏ်ဂူ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက သြဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘိုးဒေါနကုန်ကျေးရွာ မဟာဝိဟာရကျောင်းတိုက် ဆရာတော်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာရဝိန္ဒာပန့်သိ၊ သီရိလင်္ကာနိုင်ငံ မာဒီဟာနာမြို့ ကိုလံဘိုတက္ကသိုလ် ပါမောက္ခ(ငြိမ်း) မဟာသဒ္ဓမ္မဇောတိက ဒေါက်တာအာစင်္ဂတိကရာနေ၊ ဘူတန်နိုင်ငံမှ ဆရာတော် ဘဒ္ဒန္တခန်ပိုဦး ဂျင်နပ်ဖြဲ၊ နီပေါနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တနိဂြောဓ၊ မက္ကဆီကိုနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တနန္ဒိသေန၊ အမေရိကန်ပြည်ထောင်စုမှ ဆရာတော် ဘိက္ခုစိန္တိတနှင့် အင်ဒိုနီးရှားနိုင်ငံမှ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဘူဒိဥတိုမော ဒိဋ္ဌိသမ္ပန္နောတို့က မြတ်ဗုဒ္ဓနေ့သဝဏ်လွှာများကို ဖတ်ကြားကြသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်း)မှ လက်ထောက်ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရ၊ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်(တောင်ငူ)မှ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တတိက္ခသာရ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိနှင့် ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာရတို့က



မြတ်ဗုဒ္ဓနေ့သဝဏ်လွှာများကို ဖတ်ကြားကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက ဒုတိယနေ့ စာတမ်းဖတ်ပွဲကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက နိဂုံးချုပ်သြဝါဒကထာမိန့်ကြားတော်မူပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပသည်။

ဦးစွာ ဧည့်ပရိသတ်များက သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက်သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ဆဋ္ဌသင်္ဂါယနာတင်ဆိုင်ရာ ဓမ္မကထာဒေသနာတော်များ ဟောကြားချီးမြှင့်တော်မူပြီး အလှူရှင်များက ဓမ္မပူဇာအလှူတော်ငွေများကို ကပ္ပိယကာရကထံ လွှဲအပ်လှူဒါန်းကြသည်။

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ရေစက်သွန်းတရားချီးမြှင့်၍ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ စာတမ်းဖတ်ပွဲ သဘာပတိ ဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇောတိက၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပဒုမသာရနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနေသဓိဉာဏ၊ စာတမ်းရှင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်၊ ဝန်ကြီးဌာန များမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇောတိက က အဖွင့်သြဝါဒကထာကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပဒုမသာရက စာတမ်းများနှင့် စပ်လျဉ်း၍ သြဝါဒကထာကိုလည်းကောင်း မိန့်ကြားချီးမြှင့်တော်မူကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ကိုးကွယ်မှုနှင့် သာသနာပြုဌာန ဌာနကြီးမှူးဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇနက က **“ဗျာဒိတ်တော်နှင့် ခရီးရှည်ပန်းတိုင်”** စာတမ်းကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ ဌာနမှူးဆရာတော် ဒေါက်တာ ဘဒ္ဒန္တထေရိန္ဒက **“ဘုရားအလောင်းတော်မြတ်ပဋိသန္ဓေယူ ဖွားမြင်တော်မူရာ၌ ထူးခြားဖြစ်ရပ်များ”** စာတမ်းကိုလည်းကောင်း၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း)မှ သုတေသနကျမ်းပြုဌာန ပါမောက္ခဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏဝရ က **“မာရဝိဇယမြတ်ဗုဒ္ဓ၏ မာရ်နတ်အောင်မြင်တော်မူခန်းကို လက်တွေ့အသုံးချ ဗုဒ္ဓဘာသာ (Applied Buddhism) ရှုထောင့်ဖြင့် လေ့လာခြင်း”** စာတမ်းကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ ဝိနယပိဋကမဟာဌာန လက်ထောက်ကထိက ဆရာတော် ဘဒ္ဒန္တသောဘိတ က **“မြတ်ဗုဒ္ဓပရိသတ်နှင့် မာရ်နတ်၏ အန္တရာယ်စက်ကွင်း”** စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများအလိုက် သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင် ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က သဘာပတိ ဆရာတော်ကြီးများနှင့် စာတမ်းရှင် ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သဘာပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနေသဓိဉာဏက စာတမ်းများနှင့်စပ်လျဉ်း၍ အနှစ်ချုပ်သုံးသပ်ချက် မိန့်ကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ (၃၀ - ၄ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| ကော့ကရိတ် | ၄၀ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | | မင်းဘူး | ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၄၀ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် | | ရန်ကုန် | ၃၈ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | | ခရမ်း | ၃၈ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၉ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် | | ဇောင်းတူ | ၃၈ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် မေ ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ကောဒသမအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

**နေပြည်တော် မေ ၁၀**

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လ ရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ဖြစ်သော ယနေ့တွင် ကျရောက်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ကောဒသမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်း ဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်း၌ ကျင်းပပြုလုပ်ကြသည်။

အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီးဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီးဒေါ်နန်းကူးကူတို့က လောကချမ်းသာဆုတောင်းပြည့်အသင်း ဘုရားကြီးအား ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။

ထို့နောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်းအနားမှူးက မဟာဗောဓိ ရုက္ခသိဒ္ဓိနပူဇာ ဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓု သုံးကြိမ် ခေါ်ဆိုကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများက သတ်မှတ်ထားသည့် နေရာများအလိုက် နေရာယူကြပြီး မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြ၍ မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ်လှည့်လည် ပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက တောင်းဆုမင်္ဂလာအမျှဝေ စာတမ်းအား ဖတ်ကြားပြီး ကုသိုလ်အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါကဆုန်ညောင်ရေသွန်းပွဲတော်သည် မြန်မာ့ရိုးရာ ၁၂ လ ရာသီများအနက် ဒုတိယလဖြစ်သော ကဆုန်လတွင် ကျင်းပသည့် မြန်မာမင်းအဆက်ဆက်မှ ယနေ့ခေတ်တိုင်အောင် ကျင်းပလာခဲ့သော မြန်မာ့ရိုးရာဘာသာရေးပွဲတော်တစ်ခုဖြစ်ကြောင်း၊ ကဆုန်လပြည့်နေ့တွင် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရသေ့ဘဝ၌ ဘုရားစင်စစ်ဖြစ်လိမ့်မည်ဟု ဗျာဒိတ်တော်ပေးခဲ့သော နေ့ဖြစ်ခြင်း၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့ခြင်း၊ ဂေါတမဘုရားရှင်သည် မဟာဗောဓိညောင်ပင်အောက်၌ သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်း၊ ဂေါတမဘုရားရှင်သည် ကုသိနာရုံ၌ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းတို့ကြောင့် **"ဗျာဒိတ်ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"** ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့် ဗုဒ္ဓနေ့**ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပပူဇော်လေ့ရှိကြောင်း၊ ကဆုန်လသည် နွေရာသီ၏အပူဆုံးလဖြစ်သဖြင့် မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိညောင်ပင်များ မညှိုးနွမ်းစေရန်နှင့် အေးမြစေရန် ရည်ရွယ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ကောဒသမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်း ဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်စဉ်။

## တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် မေ ၁၀ ရက်နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့ ကတိသစ္စာပြုပွဲအခမ်းအနားနှင့် ယင်းနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတမိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတို့တွင် "ပြည်သူများဆင်းရဲမှုလျှော့ချရေးနှင့် တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးသည် အဓိကကျတဲ့ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုဟာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေအပေါ် အဓိကမှီခိုနေရသူများဖြစ်၍ တောင်သူလယ်သမားများ၏ဘဝမြှင့်တင်ဖို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း" လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

၂။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးရေးဆိုင်ရာအရင်းအနှီးများရရှိစေရန် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို နိုင်ငံတော်မူဝါဒ၊လမ်းညွှန်ချက်များနှင့်အညီ သက်သာသောအတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိပါသည်။

၃။ ၂၀၂၆ ခုနှစ် မေ ၂၀ ရက်မှစတင်ဆောင်ရွက်မည့် အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း Quick Win ရရှိစေမည့်အစီအစဉ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်လည်းပါဝင်ရာ ချေးငွေအတိုးနှုန်းကို ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် သီးနှံအမျိုးအစားအလိုက် တစ်ဧကလျှင် အောက်ပါနှုန်းထားအတိုင်းတိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပါသည်-

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေနှုန်းထား | တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား |
|---|---|---|---|
| (က) | စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) | ကျပ် ၁၅၀၀၀၀ | ကျပ် ၃၀၀၀၀၀ |
| (ခ) | အခြားသီးနှံ ၁၈ မျိုး | ကျပ် ၁၀၀၀၀၀ | ကျပ် ၂၅၀၀၀၀ |
| (ဂ) | ပန်းနှမ်း၊ဆီမုန်ညင်း၊ဂုန်လျှော် | ကျပ် ၁၀၀၀၀၀ | ကျပ် ၁၅၀၀၀၀ |

၄။ ထို့ပြင်လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း(Agro-based Industry) ကိုတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူလုပ်ငန်းရှင်များလိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို သက်သာသောအတိုးနှုန်းဖြင့် ဝယ်ယူနိုင်စေရန် တန်ဖိုးနည်း လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ရေတင်စက်မှအစ တန်ဖိုးမြင့်မားသော အခြောက်ခံစက်(Dryer)၊သိုလှောင်ရုံ(Silo)၊ ဆန်စက်များစသည့်လယ်ယာသုံးစက်ကိရိယာများကို အတိုးနှုန်း ခြောက်ရာခိုင်နှုန်း၊ ချေးငွေပမာဏ ကျပ်သိန်း ၃၀၀၀ ထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၀ အထက် တစ်ကဏ္ဍ တိုးမြှင့်ထုတ်ချေးပေးမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးရာသီစိုက်ပျိုးချိန်အမီ ၁၂-၅-၂၀၂၆ ရက်မှစတင်၍ ထုတ်ချေးမည်ဖြစ်ရာ ယခင်ချေးငွေများပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအချိန်မီရရှိနိုင်ရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သက်ဆိုင်ရာ ခရိုင်၊မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံးဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ကို တိုင်းစစ်ဌာနချုပ်အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ


ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။


ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး တက်ရောက်လာကြသူများက ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပစဉ်။


ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွင့် မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။


ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပစဉ်။


ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး နန်းမြို့ဆုတောင်းပြည့်ဘုရား၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။


ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပစဉ်။


ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။


ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ မဟာဗောဓိညောင်ပင်အား ရေစင်သွန်းလောင်းပူဇော်ကြစဉ်။

**နေပြည်တော် မေ ၁၀**

ကဆုန်လပြည့်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော်သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသော နေ့ဖြစ်ခြင်းနှင့် မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသော နေ့ဖြစ်ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အတွက် အလွန်ပင် ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

မဟာဗောဓိဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူသောနေ့တွင် အတူတကွ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော် ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်းဖြစ်သည်။ ကဆုန်လသည် မြေခတ်တွင် ရေပြတ်လပ်သည့် နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များ စိမ်းလန်းစိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသောနိုင်ငံအဖြစ်တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသောအကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

ကဆုန်ညောင်ရေ သွန်းလောင်းခြင်းသည် ညောင်ပင်များကို ညှိုးနွမ်းခြောက်သွေ့ခြင်းမရှိဘဲ ရှင်သန်သကဲ့သို့ ဘုရားရှင်၏ သာသနာတော်သည် ရှင်သန်လျက်ရှိနေမည်သာဖြစ်ပါကြောင်းနှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ကို အမှီပြု၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှင်အား ရည်မှန်းအာရုံပြု၍ ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ကို အစဉ်အလာအရ ကျင်းပသည့် ပွဲတော်အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ထိုသို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို မြို့နယ်အသီးသီးရှိ ဘုရားပုထိုးစေတီများ၌ ထုံးတမ်းစဉ်လာများအတိုင်း ယနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ညောင်ရေသွန်းလောင်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါနသီလပွားများခြင်းစသည့် သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြလျက် အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၅ / ၂၀၂၆) ထုတ်ပြန်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့ ၂၀၂၆ ခုနှစ် ဧပြီ ၃၀ ရက်တွင် ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကိုနားလည်စေရန် ရေးရှုသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရေးရှု၍လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ်(၅၀/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပြီး အမိန့်အမှတ်(၅၁/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူ ၁၅၀၈ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့်အပြင် အမိန့်အမှတ်(၅၂/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

၂။ ဤကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည့်အပြင် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ များကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာရောက်စေမည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူများ၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများနှင့် ယင်းတို့၏ မိသားစုဝင်များနည်းတူ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အားပါဝင်နိုင်ကြပါစေကြောင်း အလေးအနက်တိုက်တွန်းလျက် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များကို ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်**

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်ကလက်ခံထားသည့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇) ၆ မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ် ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မဖြစ်မနေပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများမှန်ကန်ကြောင်း တိုင်ကြားသူက လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များမှသာ လွှတ်ကျောင်းခြင်းပြုရန်၊ လုပ်ငန်းခွင်တွင် အသုံးပြုရန်နှင့် သယ်ယူပို့ဆောင်ရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရှိရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) မွေးမြူရေးခြံများတွင် လေဝင်၊ လေထွက် ကောင်းမွန်စွာထားရှိရန်နှင့် နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုမရှိစေရန်အတွက် စီမံထားရှိရန်၊

(၆) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၇) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသော နေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




### စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၃၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၃၀**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၁ ရက်မှ ၇ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၈၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဧပြီ ၃၀**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# အောင်ပန်းမြို့ ၁၀၈ တောင် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပပြုလုပ်



သံဃာတော်ထံ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး တင်လှူ ပူဇော်မည့် ရတနာ စိန်ဖူးတော်အား လှူဒါန်းစဉ်။

**နေပြည်တော် ဧပြီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ သီရိမင်္ဂလာအောင်ချမ်းသာ ၁၀၈ တောင် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချအလှူတော်မင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ အောင်ပန်းမြို့ အောင်ချမ်းသာ စာသင်တိုက်ကြီး ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ အမှူးပြုသော သံဃာတော်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပန်းမြို့ အောင်ချမ်းသာကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်မြတ်များ နာယူကြည်ညိုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သံဃာတော်အရှင်သူမြတ်များထံသို့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ဆုရ ပြည်တွင်း၊ ပြည်ပကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာမင်္ဂလာဓမ္မဇောတိကဓဇ ဝိဇ္ဇာကာသိ သီရိကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာပန်းရထားဖြင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်သို့ အစီအစဉ်အတိုင်း ပို့ဆောင်တင်လှူပူဇော်ကြကာ သံဃာတော်အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းကာ ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက သံဃာတော်များအား စေတီတော်ကြီးအတွင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗုဒ္ဓ)

# ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြ၊ အုပ်ချုပ်သူများ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများသို့သွားရောက်၍ ကဆုန်ညောင်ရေသွန်းလောင်း

**နေပြည်တော် ဧပြီ ၃၀**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း ဖွင့်ပွဲများကို ဧပြီ ၂၇ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။





ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြ၊ အုပ်ချုပ်သူများ မဟာဗောဓိညောင်ပင်ကို ရေသွန်းလောင်းပူဇော်ကြစဉ်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိသည့် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများနှင့် နည်းပြ၊ အုပ်ချုပ်သူများသည် ခရစ်နှစ် ၂၀၂၆ ခုနှစ် ဧပြီ ၃၀ ရက် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင်ကျရောက်သည့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲနေ့တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိတန်ခိုးကြီးဘုရား၊ စေတီပုထိုးများသို့သွားရောက်ပြီး မဟာဗောဓိညောင်ပင်ကို ရေသွန်းလောင်းပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ စေတီတော်ရင်ပြင်များတွင် သန့်ရှင်းရေးဆောင်ရွက် ကုသိုလ်ပြုခြင်းများ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗုဒ္ဓ)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



**နေပြည်တော် ဧပြီ ၃၀**

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆို

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

ခြင်းကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ကလေးတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗုဒ္ဓ)

**❖ အင်းတော်မြို့ပြန်လည်ထိန်းချုပ်မှု**

ယာယီခံစစ်များပြုလုပ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်းများကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများ ပြန်လည်ရရှိရေးအတွက် လိုအပ်သည့် စုဖွဲ့မှုများကို စနစ်တကျဆောင်ရွက်ပြီး တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်များဖြင့် ပစ်ခတ်မှုနှင့် စစ်ကစားမှုကို




တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူများ ယာယီ စိုးမိုးထားသည့် အင်းတော်မြို့ကို အလုံးစုံ ပြန်လည် သိမ်းပိုက်ရရှိမှု ဖြစ်စဉ်ပြမြေပုံ။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့ မြို့နယ်ပညာရေးမှူးရုံး ပြန်လည်သိမ်းပိုက်ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့ရှိ ဘုန်းတော်ကြီးကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့ မြို့နယ်ပြည်သူ့ဆေးရုံ ပြန်လည်သိမ်းပိုက်ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော် စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့ သမိုင်းဝင်ဂျပန်မြေအောက်ဆေးရုံဟောင်းနယ်မြေ ပြန်လည်သိမ်းပိုက်ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ဟန်ချက်ညီညီပေါင်းစပ်ပြီး ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း လမ်းကြောင်းနှင့် တကောင်းမြို့တို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် သတင်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းအနေဖြင့် အောင်မြင်မှုများ ဆက်တိုက်ရရှိလာမှုများနှင့်အတူ တိုက်စစ်အဟုန်များ မြှင့်တင်ပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော လက်ကျန်မြို့ရွာများ ပြန်လည်ရရှိရေးအတွက် ပစ်ခတ်မှုနှင့်စစ်ကစားမှုကို ဟန်ချက်ညီညီ ပေါင်းစပ်တိုက်ခိုက်ခဲ့ရာ တကောင်းမြို့နှင့် ထီးချိုင့်မြို့သို့ ဆက်သွယ်ထားသော လမ်းကြောင်းကို မတ် ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တပ်မတော်စစ်ကြောင်းများသည် ထီးချိုင့်မြို့မှ ကသာမြို့သို့ အဆင့်ဆင့်ချီတက် ရှင်းလင်းခဲ့ကြသည်။

ထို့နောက် တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော အင်းတော်မြို့ ပြန်လည်ရရှိရေးအတွက် ကသာမြို့၌ လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ ဆောင်ရွက်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရမည့် တပ်မတော်သားများဖြစ်သည်နှင့်အညီ စစ်ကြောင်းများခွဲကာ ပစ်ခတ်မှုနှင့်စစ်ကစားမှုကို ဟန်ချက်ညီညီပေါင်းစပ်ပြီး ပြန်လည်တိုက်ခိုက်ခဲ့ရာ ပင်းမလွတ်ရွာကို ၂၀၂၆ ခုနှစ် ဧပြီ ၂၄ ရက်တွင်လည်းကောင်း၊ နဘားလမ်းဆုံနှင့် နဘားရွာကို ဧပြီ ၂၉ ရက်တွင်လည်းကောင်း၊ ကန်းနီရွာ၊ နားရခေါင်ရွာ၊ ကြာအင်းရွာ၊ ကျွန်းတောရွာနှင့် ကူဆိပ်ရွာတို့ကို ဧပြီ ၃၀ ရက် ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ အင်းတော်မြို့ကို ယနေ့ညနေပိုင်းတွင်လည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ယနေ့တွင် အင်းတော်မြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ကို အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများက အင်းတော်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်ကို ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ခုနစ်ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ ငယ် ထိတွေ့မှုစုစုပေါင်း ၁၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှအလောင်း ၃၃ လောင်း၊ လက်နက်မျိုးစုံ ၁၈ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက်ပူးပေါင်းအဖွဲ့များအနေဖြင့် အင်းတော်မြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ခေတ္တစိုးမိုးထားစဉ် မြို့ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့ကြသဖြင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ်၊ စည်းစိမ်များကို စွန့်လွှတ်၍ တိုက်ပွဲဖြစ်ပွားမှု ကင်းလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ကျောင်းနေအရွယ် ကလေးလူငယ်များသည်လည်း ပညာသင်ကြားခွင့်များ ဆုံးရှုံးခဲ့ကြရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် လူနေတိုက်တာအိုးအိမ်များ၊ လမ်းတံတားများ၊ ဌာနဆိုင်ရာအဆောက်အအုံများကို ပြင်ဆင်ခြင်း၊ အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းများနှင့် အဆောက်အအုံများအကြား အကြမ်းဖက်ပူးပေါင်းအဖွဲ့များ ထောင်ထားသည့် မိုင်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ပြုပြင်ပြီးစီးပါက ကျောင်းနေအရွယ် ကလေးလူငယ်များအားလုံး စာသင်ကြားနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် NUG၊ CRPH တို့၏ သွေးထိုးမြှောက်ပင့်မှုများကို နားယောင်ပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်းများသည် အဆိုပါဒေသအတွင်း နေထိုင်လျက်ရှိသော ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများတွင် များစွာနောက်ကျစေသဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် အမှန်တကယ်အကျိုးပြုလိုပါက နီးစပ်ရာလုံခြုံရေးစခန်းများနှင့် ချိတ်ဆက်၍ အလင်းဝင်ရောက်သင့်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၉၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာမှုကို တွေ့ရစဉ်။



ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာမှုကို တွေ့ရစဉ်။



တောင်ငူအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာမှုကို တွေ့ရစဉ်။



ကျိုင်းတုံအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများကို တာဝန်ရှိသူများက ထောင်လွတ်လက်မှတ်များ ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၃၀**

အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော နိုင်ငံသားအကျဉ်းသား၊ အကျဉ်းသူ ၁၅၀၈ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁ ဦး စုစုပေါင်း ၁၅၁၉ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၁၅၀၈ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁ ဦးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။

အကျဉ်းသားများကို လွှတ်ပေးရာတွင် အကျဉ်းထောင်ရုံးစိုက်ရာမြို့ရှိ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ အကျဉ်းထောင် တာဝန်ခံအရာရှိ၊ သက်ဆိုင်ရာဒေသရှိ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးတို့ ပါဝင်သောအဖွဲ့ဖြင့် ဆုံးမသြဝါဒ စကားပြောကြား၍ ထောင်လွတ်လက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

လွတ်မြောက်ခွင့်ရသည့် အကျဉ်းသား၊ အကျဉ်းသူများကို ခရီးစရိတ်နှင့် စားစရိတ်တို့ကို ဦးစီးရန်ပုံငွေမှလည်းကောင်း၊ စခန်းများမှ လွတ်မြောက်သည့် အကျဉ်းသား၊ အကျဉ်းသူများကို အလုပ်ဆင်းရက်အပေါ်မူတည်ပြီး သတ်မှတ်နှုန်းထားဖြင့် တွက်ချက်ထားသော လုပ်အားခဆုငွေများကို အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေမှလည်းကောင်း ပြည့်ဝစွာထုတ်ပေးခဲ့ကြောင်း သိရသည်။

လွတ်မြောက်သွားသူ ၁၅၁၉ ဦးမှာ ကချင်ပြည်နယ်မှ ၄၉ ဦး၊ ကယားပြည်နယ်မှ ငါးဦး၊ ကရင်ပြည်နယ်မှ ဦးရေ ၇၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၅၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ဦးရေ ၁၁၀၊ မကွေးတိုင်းဒေသကြီးမှ ၄၁ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၅၇ ဦး၊ မွန်ပြည်နယ်မှ ၉၁ ဦး၊ ရခိုင်ပြည်နယ်မှ ၄၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၄၈၆ ဦး၊ ရှမ်းပြည်နယ်မှ ၁၄၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၄၆ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များမှာ ပျော်ရွှင်ကြည်နူးစွာ ပွေ့ဖက်နှုတ်ဆက်ကြပြီး ခရီးဝေးသွားရောက်ကြမည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရသူများကို ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်တို့သို့ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ပြစ်ဒဏ်ကျခံနေရသော နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁ ဦးတို့အား နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း **နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်**ဟူသော စည်းကမ်းကန့်သတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သတင်းရရှိပါသည်။

(၅၀၁)

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင်သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း (နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက် မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေး ရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ မူရင်းနှင့် မိတ္တူ(၃)စောင်စီ ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း (၄၃၂၀၀/- ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀/- ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀/-ကျပ်) တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာ တက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့် သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့် ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**








## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(ခွဲ) လ-၂၉၊ Grade-4(B) တွင် ပညာသင်ကြားနေသော မရွှေရတီလှိုင်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ကတ်အရ ဦးအောင်ဆန်းမြင့်ဖြစ်ပါကြောင်း။

ဦးအောင်ဆန်းမြင့်(၉/တတဥ(နိုင်)၁၁၇၄၈၉)

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးတို့က ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဇနီး၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ၊ အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။ စာမျက်နှာ ၂၁ ကော်လံ ၁ ☆



ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးတို့ မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်ကို အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့မှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဧပြီ ၃၀

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော အင်းတော်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်ကို ယနေ့တွင် အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများ၌ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စက်ရုံ၊ အလုပ်ရုံများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများတွင်

စာမျက်နှာ ၂၈ ကော်လံ ၁ ❖

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အကျဉ်းသား၊ အကျဉ်းသူများကို လွတ်ငြိမ်းသက်သာခွင့်ပြု စာမျက်နှာ - ၂၀

အကျဉ်းသား၊ အကျဉ်းသူ ၁၅၀၈ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု စာမျက်နှာ - ၂၀

နိုင်ငံခြားသားအကျဉ်းသား၊ အကျဉ်းသူ ၁၁ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး စာမျက်နှာ - ၂၀

